ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ တနင်္လာနေ့ (10-10-2011) (ဗြဝ၀)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း

## အိန္ဒိယသမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်

**နေပြည်တော်  အောက်တိုဘာ  ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာ ဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီးသွားရောက်မည် ဖြစ်သည်။

(သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

### ဖီဂျီကျွန်းသမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော်  အောက်တိုဘာ  ၁၀**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကျရောက်သော ဖီဂျီကျွန်းသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖီဂျီကျွန်းသမ္မတနိုင်ငံ သမ္မတ Mr. Ratu Epeli Nailatikau, LVO, OBE, MSD, OSTJ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

### ဖီဂျီကျွန်းသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော်  အောက်တိုဘာ  ၁၀**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကျရောက်သော ဖီဂျီကျွန်းသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖီဂျီကျွန်းသမ္မတနိုင်ငံ ဝန်ကြီးချုပ် Commodore Josala V. Bainimarama ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ရေကြီးရေလျှံမှုကာလ ကြာမြင့်လာပါက ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာများကို ကြိုတင်ကာကွယ် လိုအပ်လာမည့် လမ်းတံတားပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း စီမံဆောင်ရွက်

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျောက်ဆည်ခရိုင်အတွင်း ရေကြီးရေလျှံ၊ ရေဝင်ရောက်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော်  အောက်တိုဘာ  ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ကျောက်ဆည်ခရိုင်အတွင်း ရေဝင်ရောက်ခဲ့သည့် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများမှ ဒေသခံပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

ကြေးမှုံ The Mirror
၁၀-၁၀-၂၀၁၁
(တနင်္လာနေ့)

# မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာ တီထွင်မြှင့်တင်

နိုင်ငံတော်က တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု တိုးတက်ဖြစ်ထွန်းစေရေးကို ရှေးရှုသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နေသည်။ အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက်ရှိသည်။

အဆိုပါလုပ်ငန်းစဉ်များတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပနေခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပေသည်။ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတ ပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ကြမည့် အနုပညာ မျိုးဆက်သစ်များ ပေါ်ထွက်လာရေးအတွက် အားပေးချီးမြှောက် အထောက်အကူပြုနေသည်ကို တွေ့ရသည်။

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို နေပြည်တော်၌ မကြာမီ ကျင်းပတော့မည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ယခင်နှစ်များထက် ပြိုင်ပွဲဝင်ကဏ္ဍ ပိုမိုပါဝင်လာမည်ဟု မျှော်လင့်ရသည်။ ယခုအခါ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အကြိုပြိုင်ပွဲများ ကျင်းပပြီး ဆန်ခါတင်အနုပညာရှင်များကို ရွေးချယ်ပြီးစီးနေပြီဖြစ်သည်။

မျက်မှောက်ခေတ် အနုသုခုမပညာရှင်များသည် အစဉ်အဆက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ဆက်လက်ထိန်းသိမ်းကြရန် တာဝန်ရှိသည်။ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းသည် ခေတ်နောက်ပြန်ဆွဲခြင်းမဟုတ်ဘဲ တန်ဖိုးပိုမိုမြင့်မားလာရေး အားထုတ်ခြင်းသာဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို မထိခိုက်စေဘဲ နိုင်ငံတကာအဆင့်မီ ဆန်းသစ်တီထွင်မြှင့်တင်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

ယခုနှစ် ပြိုင်ပွဲတွင် အရေးဘာသာရပ်၌ လူငယ်လူရွယ် ပြိုင်ပွဲဝင်များ ပိုမိုပါဝင်ခွင့်ရရှိရေး အခွင့်အလမ်းများ ဖန်တီးပေးထားသည်။ ဆုကြေးငွေများ ထိုက်ထိုက်တန်တန် တိုးမြှင့်သတ်မှတ်ထားသည့်အပြင် တံခွန်စိုက်ဆုကိုလည်း ယခုနှစ်မှ စတင်ချီးမြှင့်ရန် စီစဉ်ထားသည်။ နောင်နှစ်ပြိုင်ပွဲများတွင် အငြိမ့်ပြိုင်ပွဲ၊ ဘိသိက်ပြိုင်ပွဲများ ထည့်သွင်းနိုင်ရေး ညှိနှိုင်းစီစဉ်ထားကြောင်းသိရသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပနေခြင်းသည် အမျိုးသားယဉ်ကျေးမှုအနုပညာမှတ်တိုင်များ ဆက်လက်စိုက်ထူနေခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်မျိုးဆက်သစ် အနုပညာရှင်များအနေဖြင့် မြန်မာ့ဂီတ၊ မြန်မာ့အကအပါအဝင် မြန်မာ့တူရိယာတေးသွားသံစဉ် ရသ အလင်္ကာမြောက် အနုသုခုမပညာရပ်များကို အနှစ်သာရရှိရှိ ဆန်းသစ်တီထွင် မြှင့်တင်ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

# ဥပဒေပညာသည် အကျင့်သိက္ခာနှင့်ပြည့်စုံသော ပညာဖြစ်သည် ဆောင်ပုဒ်နှင့်အညီ အကျင့်သိက္ခာ၊ သမာဓိရှိစွာ ပြုမူနေထိုင်

**နေပြည်တော် အောက်တိုဘာ ၉**

"ဥပဒေပညာသည် အကျင့်သိက္ခာနှင့်ပြည့်စုံသော ပညာဖြစ်သည်" ဟူသော ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဆောင်ပုဒ်နှင့်အညီ ဥပဒေအရာရှိများသည် အကျင့်သိက္ခာနှင့်သမာဓိရှိစွာ ပြုမူနေထိုင်ကြရန်၊ ဥပဒေပညာကို ကျယ်ကျယ်ပြန့်ပြန့် ဆည်းပူးလေ့လာပြီး လုပ်ငန်းကျွမ်းကျင်သည့် ဥပဒေအရာရှိများဖြစ်အောင် ကြိုးပမ်းကြရန်၊ ဥပဒေအကြံပေးရာတွင် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ကြရန်၊ ရုံးဝန်ထမ်းများနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက အောက်တိုဘာ ၈ ရက် မွန်းလွဲ ၂ နာရီတွင် ကျိုင်းတုံခရိုင် ဥပဒေရုံးအစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်ခရိုင်နှင့် ကျိုင်းတုံခရိုင်ဥပဒေအရာရှိများ၊ ကျိုင်းတုံမြို့နယ် ဥပဒေရုံးတို့မှ ဥပဒေအရာရှိများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၁၀-၂၀၁၁ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၅။ မြန်မာ့ရှုခင်း
- ၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ မြန်မာ့ရှုခင်း
- ၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ စိုက်ပျိုးသုတ
- ၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၃၅ ၆။ လျှပ်တစ်ပြက်
- ၄း၄၅ ၇။ ဗွီစီဒီကျော်ကြားတေး
- ၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၄၃)**
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၅၈)**
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ အမျိုးသားရေးတေးကဗျာ
- ၁၆။ ဒို့တာဝန်အရေး(၃)ပါး
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ Talk of The Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၅၉)**
- ၂၄။ Mini Series



# မြန်မာ့ရိုးရာဆီမီးခွက်များဖြင့် ရွှေတိဂုံစေတီတော်အား ပူဇော်နိုင်

**ရန်ကုန် အောက်တိုဘာ ၉**

ဘုရားရှင်လေးဆူတို့၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်စံပယ်တော်မူရာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်အား ရဟန်းရှင်လူ ပြည်သူအများက ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာတို့ဖြင့် ပူဇော်ကန်တော့ကြသည်။ အောက်တိုဘာ ၁၂ ရက် (သီတင်းကျွတ်လပြည့်)(အဘိဓမ္မာအခါတော်နေ့)တွင်လည်း ရွှေတိဂုံစေတီတော်အား မြန်မာ့ရိုးရာ ဆီမီးခွက်များဖြင့် ပူဇော်နိုင်ရန် စေတီတော်ဂေါပကအဖွဲ့က စီစဉ်ထားသည်။

မြန်မာ့ရိုးရာ ဆီမီးခွက်များအား ရွှေတိဂုံစေတီတော် မွေးနံထောင့်များရှိ အရောင်းဆိုင်များ၌ အလှူငွေထည့်ဝင်ပြီး ပူဇော်နိုင်ပြီဖြစ်ကြောင်း၊ ဆီမီးခွက်တစ်ခွက်လျှင် ငွေကျပ် ၇၀ နှုန်း၊ ဆီမီးတစ်ထောင်လျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် မိမိမွေးနံထောင့်များ၌ ဆီမီးသက်စေ့ပူဇော်နိုင်ရေးအတွက် စီစဉ်ပေးမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကရုံးတာဝန်ရှိသူထံမှ သိရသည်။ (စိုးမင်း-သတင်းစဉ်)

ပဲခူးမြို့နယ် ကတွင်းခြံကျေးရွာ မူလတန်းလွန်ကျောင်း ပညာတံခွန်ကျောင်းစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ပညာရေးမှူး ဦးမျိုးဆွေ၊ အလှူရှင် ဦးဝင်းစိန် - ဒေါ်ကြည်ကြည်စိန် (စစ်ကောင်း လက်ဖက်ခြောက်) မိသားစု၊ ပဲခူးမြို့နယ် လက်ထောက်ပညာရေးမှူး ဦးမြင့်လွင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၁၃၂)



အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် (၄၈)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် အမှတ် (ဈ-၃၅၆) နေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သားဗိုလ်ကြီး ကျော်ကိုကိုရှိန်း-သမီး မမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်းနှင့် တူမ မအေးအေးမော်တို့ ငွေကျပ် ၆၆၀၀၀ တန်ဖိုးရှိ ဆေးပစ္စည်းနှင့် ငွေကျပ် ၁၀၀၀၀၀ စုစုပေါင်း ၁၆၆၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာရုပ်ရှင်သမိုင်းပြတိုက် ကော်မတီ အတွင်းရေးမှူး ဦးအေးကြူလေးနှင့် ဦးငွေးအောင်တို့ လက်ခံရယူစဉ်။ (ကြေးမုံ)



# ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဘွဲ့ရများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်တက္ကသိုလ် ၁၉၇၀-၁၉၇၄ ခုနှစ် ဓာတုဗေဒဘွဲ့ရများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်မွေရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သည့်ခုနှစ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူမဆို ပါဝင်နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဦးမောင်မောင် ဖုန်း-၅၇၁၂၁၀၊ ၀၉-၅၁၀၂၁၂၃၊ ဦးလှမြင့် ဖုန်း-၂၄၆၃၅၃၊ ဦးတင်ဦး ဖုန်း-၀၉-၇၃၁၅၆၂၆၉၊ ဒေါ်ခင်မြတ်နွယ် ဖုန်း-၀၉-၇၃၀၃၃၀၁၀၊ ဒေါ်ကြည်ကြည်အေး ဖုန်း-၂၀၁၁၇၁၊ ဒေါ်သန်းသန်းရွှေ ဖုန်း-၅၀၀၁၇၄၊ ၀၉-၆၈၀၃၄၇၆ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပြီး အောက်တိုဘာ ၃၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီ တွင် အမှတ်(၄၅) ၂၂ လမ်း (အောက်)ရှိ ဦးလှမြင့်နေအိမ်တွင် အာစရိယပူဇော်ပွဲ ညှိနှိုင်းအစည်းအဝေး ပြုလုပ် မည်ဖြစ်ပါ၍ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။

(ကြေးမုံ)

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် အောက်တိုဘာ ၉**

ယနေ့ညနေ ၃ နာရီ ၀၅ မိနစ်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၄၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆည်တော်ရွာ၏ မြောက်-အရှေ့မြောက်ဘက် ၁၈ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၉-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၉၆၀၀ | ၀. ၀၃၂၃၀ |
| တရုတ် (ယွမ်) | ၆. ၃၇၅၅၀ | ၀. ၁၅၆၈၅ |
| အိန္ဒိယ (ရူပီး) | ၄၉. ၀၃၀၀ | ၀. ၀၂၀၄၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၅၆၀၀ | ၀. ၃၁၆၈၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၈၈၀ | ၀. ၇၆၉၉၄ |
| ဂျပန် (ယန်း) | ၇၆. ၇၃၀၀ | ၀. ၀၁၃၀၃ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၇၀. ၅၉ | ၀. ၀၀၀၈၅ |
| ယူရို | ၀. ၇၄၇၆၆ | ၁. ၃၃၇၅၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၂၇၆ | ၁. ၅၅၅၈၀ |

*အင်တာနက်။*

**ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၁ ရက်က အဆိုပါကျောင်း စာသင်ဆောင်ခန်းမ၌ ကျင်းပရာ စတုတ္ထတန်းတွင် ပထမဆုရရှိသော မဝေသဇင်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုညို ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ပညာရေး)

# လူမှုဖူလုံရေးအဖွဲ့အကျိုးဝင် အာမခံဝန်ထမ်းအား ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန် အလုပ်သမားဆေးရုံကြီး၌ ဆေးကုသမှုခံယူခဲ့သည့် ကြံခင်းဘိလပ်မြေစက်ရုံ စီမံရေးရာဌာနမှ အကြီးတန်းစာရေး ဒေါ်ရီရီခိုင်အား ဆေးကုသမှုအတွက် အကျိုးခံစားခွင့် ငွေကျပ်သိန်း ၂၀ ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၆ ရက်တွင် ရန်ကုန် အလုပ်သမားဆေးရုံကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမင်းက မကျန်းမာသူ ဒေါ်ရီရီခိုင်အား ထောက်ပံ့ငွေများ ပေးအပ်သည်။

ကြံခင်းဘိလပ်မြေစက်ရုံ စီမံရေးရာဌာနမှ အကြီးတန်းစာရေး ဒေါ်ရီရီခိုင်သည် ၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင် နှလုံးရောဂါဖြင့် ရန်ကုန်အလုပ်သမားဆေးရုံကြီးသို့ တက်ရောက်၍ ဆေးကုသမှု ခံယူနေရာမှ နှလုံးအဆို့ရှင်မကောင်းကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ပြီး ဩဂုတ် ၃၀ ရက်တွင် နှလုံးရောဂါနှင့်သွေးကြောရောဂါ ခွဲစိတ်ကုဌာန၌ နှလုံးအဆို့ရှင် အစားထိုးခွဲစိတ်ကုသမှု ပြုခဲ့သည်။

၎င်းသည် လူမှုဖူလုံရေးအဖွဲ့ အကျိုးဝင် အာမခံဝန်ထမ်းတစ်ဦးဖြစ်သဖြင့် ဆေးကုသစရိတ်ကုန်ကျငွေ ကျပ်သိန်း ၂၀ ကို ယခုကဲ့သို့ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# ပါလက်စတိုင်း၏ ကုလအဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရေး တောင်းဆိုချက် ကုလသမဂ္ဂ အထူးကော်မတီတစ်ရပ်က သုံးသပ်ဆွေးနွေး

**နယူးယောက် အောက်တိုဘာ ၉**

ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ရပ်တည်နိုင်ရေး ပါလက်စတိုင်းဒေသ၏ တောင်းဆိုချက်အား လေ့လာသုံးသပ်သွားရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီအထူးကော်မတီတစ်ရပ်က အောက်တိုဘာ ၈ ရက်တွင် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ပါလက်စတိုင်းဒေသ၏ တောင်းဆိုချက်ကို အထူးကော်မတီသို့ ပြီးခဲ့သည့် ရက်သတ္တပတ်က လွှဲအပ်ခဲ့သည်။ ကုလသမဂ္ဂကို ကြားခံထားကြိုးပမ်းခြင်းအားဖြင့် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ပါလက်စတိုင်းပြည်သူများက မျှော်လင့်ထားကြသည်။

သို့ရာတွင် ကုလသမဂ္ဂကို ကြားခံပြု၍ လွတ်လပ်သောနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် ပါလက်စတိုင်းဒေသ၏ လှုပ်ရှားကြိုးပမ်းမှုအား အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေးနိုင်ငံတို့က ကန့်ကွက်ခဲ့ကြသည်။

ပါလက်စတိုင်းဒေသအား နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ခွင့်ပေးရေးကိစ္စကို လုံခြုံရေးကောင်စီရှေ့မှောက်၌ မဲခွဲဆုံးဖြတ်မည်ဆိုပါက ဗီတိုအာဏာသုံး ပယ်ချရမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက ပြောကြားထားသည်။

ပြီးခဲ့သည့်နှစ်က ရပ်ဆိုင်းခဲ့ရသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများအား ပြန်လည်စတင်ရန် အစ္စရေးနှင့် ပါလက်စတိုင်း နှစ်ဖက်စလုံးကို အမေရိကန်ပြည်ထောင်စုနှင့် အခြားသောနိုင်ငံများက တိုက်တွန်းထားသည်။



ပါလက်စတိုင်းဒေသ အနောက်ဘက်ကမ်းရှိ အစ္စရေးအခြေစိုက် အိမ်ရာများ၌ နေထိုင်ကြသူ အစ္စရေးနိုင်ငံသားများနှင့် ဒေသခံ ပါလက်စတိုင်း လူငယ်များအကြား ပဋိပက္ခ ဖြစ်ပွားမှုအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သို့ရာတွင် အနောက်ဘက်ကမ်းဒေသနှင့် အရှေ့ဂျေရုဆလင်ဒေသများ၌ အကောင်အထည်ဖော်လျက်ရှိသော အခြေစိုက်အိမ်ရာစီမံကိန်းများအား မရပ်ဆိုင်းသရွေ့ ဆွေးနွေးပွဲများ ရှေ့ဆက်ပြုလုပ်ရန် မဖြစ်နိုင်ကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများက ပြောကြားထားသည်။ ***အင်တာနက်။***



# တိုက်ပွဲများကြောင့် ဆိုမာလီ အရပ်သား ၃၆ ဦး သေဆုံး

**မိုဂါဒစ်ရှူး အောက်တိုဘာ ၉**

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တော် မြောက်ပိုင်းတွင် လက်နက်ကြီးများဖြင့်ပစ်ခတ်မှုကြောင့် အရပ်သား ၃၆ဦး သေဆုံး၍ ၆၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း စနေနေ့ အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အာဖရိကသမဂ္ဂတပ်ဖွဲ့များနှင့် ဆိုမာလီ အစိုးရတပ်ဖွဲ့များက အယ်လ်ရှာဘတ်သူပုန်များ၏ တပ်စခန်းများဟု ယူဆရသော နေရာများကို ပစ်ခတ်တိုက်ခိုက်ခဲ့ရာမှ ယင်းသို့ အရပ်သားများ သေဆုံးရခြင်းဖြစ်သည်ဟု ဆိုသည်။ မျက်မြင်တွေ့သူများအဆိုအရ ယင်းအစုလိုက်သေဆုံးမှု၌ မိသားစုတစ်ခုတည်းမှ ကလေးငါးဦးအပါအဝင် မိန်းမများနှင့် ကလေးအများစု ပါဝင်လျက်ရှိသည်။

ဒဏ်ရာ ရရှိသူ ၆၉ ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း၊ ဒေသန္တရဆေးရုံတစ်ရုံ၌ ၎င်းတို့အား ဆေးဝါးကုသပေးလျက်ရှိကြောင်း၊ အချို့မှာ စိုးရိမ်ဖွယ်ရာရှိကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

ဆိုမာလီနိုင်ငံတွင် အုပ်ချုပ်ရေးအာဏာ ခိုင်မာသည့် အစိုးရအဖွဲ့မရှိခဲ့သည်မှာ ၁၉၉၁ ခုနှစ်ကတည်းက ဖြစ်သည်။ **အင်တာနက်။**

# နော်မန်ဒီကမ်းခြေရှိ ဒုတိယကမ္ဘာစစ်ကျန်မိုင်းပုံးများ ကျွမ်းကျင်သူတို့ ဖယ်ရှား

**ပါရီ အောက်တိုဘာ ၉**

ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၄ ခုနှစ်တွင် မဟာမိတ်တပ်ဖွဲ့များက နော်မန်ဒီကမ်းခြေ ထိုးစစ်အား ဆင်နွှဲခဲ့ရာတွင် အဓိက စစ်ပွဲဇုန်တစ်ခုဖြစ်ခဲ့ရသည့် ပြင်သစ်ကမ်းခြေတစ်နေရာမှ စစ်ကျန်မိုင်းပုံးများကို ကျွမ်းကျင်သူများက အောက်တိုဘာ ၆ ရက်၌ စတင်ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။

ပွန့်ဒူဟော့အမည်ရှိ ကမ်းခြေဒေသ၌ မိုင်းပုံးဖယ်ရှား ရှင်းလင်းရေးစီမံကိန်းကို ကျွမ်းကျင်သူများက အောက်တိုဘာ ၆ ရက်မှစ၍ ၇ ရက်အထိ နှစ်ရက်ကြာ လုပ်ဆောင်ခဲ့ကြောင်း ပြင်သစ်အသံလွှင့်ဌာနတစ်ခုက သတင်းထုတ်ပြန်ခဲ့သည်။

ဖောက်ခွဲရေးပစ္စည်းဆိုင်ရာ ကျွမ်းကျင်သူများသည် ကမ်းခြေမြေပြင်ပေါ်တွင်သာမက ရေအောက်အနက်ပေ ၁၅၀ ခန့်အထိ ဆင်းငုပ်၍ မိုင်းရှာဖွေဖယ်ရှားမှုများ လုပ်ဆောင်ခဲ့ရာ ဒုတိယကမ္ဘာစစ်လက်ကျန် မိုင်းပုံး အလုံး ၅၀၀ ခန့်အား ရှင်းလင်းနိုင်ခဲ့သည်။

ပွန့်ဒူဟော့ကမ်းခြေ ကုန်းစောင်းများကို ခံကတုတ်ပြု၍ ဂျာမန်တပ်များက အပြင်းအထန် ခုခံခဲ့သော်လည်း အမေရိကန် ကြည်းတပ် ရိန်းဂျားတပ်ဖွဲ့များက ယင်းကမ်းခြေဒေသအား ၁၉၄၄ ခုနှစ် ဇွန်လ ၆ ရက်တွင် သိမ်းပိုက်နိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း နာမည်ကျော် စစ်ပွဲဇုန်ကြီးတစ်ခု ဖြစ်ခဲ့သည့် အိုမဟာကမ်းခြေ၏ အနောက်ဘက် လေးမိုင်ခန့် အကွာတွင် ပွန့်ဒူဟော့ကမ်းခြေဒေသတည်ရှိသည်။***အင်တာနက်။***

# လေ့ကျင့်ပျံသန်းစဉ်အတွင်းဂျပန်တိုက်လေယာဉ်မှ ဆီလှောင်ကန်နှင့် ဒုံးကျည်အစိတ်အပိုင်းများ ပြုတ်ကျ

**ကိုမတ်ဆု အောက်တိုဘာ ၉**

ဂျပန်လေတပ်မှ အက်ဖ်-၁၅ အမျိုးအစား ဂျက်တိုက်လေယာဉ်တစ်စင်းသည် လေ့ကျင့်ပျံသန်းမှုပြုလုပ်စဉ်အတွင်း အရန်လောင်စာကန်နှင့် ပေါက်ကွဲနိုင်စွမ်းမရှိသော ဒုံးကျည်တစ်စင်း၏ အစိတ်အပိုင်းများ မြေပြင်သို့ပြုတ်ထွက် ကျဆင်းခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက အောက်တိုဘာ ၈ ရက်တွင် ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ အီရှီကာဝါစီရင်စု ဒေသအထက် ကောင်းကင်ယံ၌ ပျံသန်းမှုလေ့ကျင့်နေစဉ် အက်ဖ်-၁၅ ဂျက်တိုက်လေယာဉ်မှ လောင်စာကန်နှင့် ဒုံးကျည် အစိတ်အပိုင်းများသည် အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မြေပြင်သို့ ပြုတ်ကျခဲ့ကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ယင်းတိုက်လေယာဉ်သည် ကိုမတ်ဆုလေတပ်စခန်းမှ ပျံတက်ခဲ့ခြင်းဖြစ်သည်။ လောင်စာသိုလှောင်ကန်နှင့် ဒုံးကျည် အစိတ်အပိုင်းများ မပြုတ်ကျမီ ကျယ်လောင်သော ပေါက်ကွဲသံတစ်ချက်ကြားခဲ့ရပြီး လေယာဉ်ကိုယ်ထည် ပြင်ပ၌ မီးတောက်မီးလျှံများ ထွက်ပေါ်ခဲ့သည်ကို မြင်တွေ့ခဲ့ရကြောင်း လေယာဉ်မှူးက သတင်းပို့ခဲ့သည်။

လောင်စာဆီသိုလှောင်ကန်နှင့် ဒုံးကျည်တို့၏ အစိတ်အပိုင်းများကို ရေဆိုးသန့်စင်စက်ရုံတစ်ရုံ၏အနီး၌ ပြန်လည်တွေ့ရှိခဲ့ရပြီး အီရှီကာဝါစီရင်စု လူနေဒေသများ၌ မည်သည့်အစိတ်အပိုင်းမှ မကျရောက်ခဲ့ကြောင်း မိုင်နီချိ နေ့စဉ်သတင်းစာက ဖော်ပြသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဂျပန်လေတပ်က စုံစမ်းစစ်ဆေးမှုတစ်ရပ် လုပ်ဆောင်ခဲ့ပြီး အခင်းဖြစ်ပွားရာဒေသသို့ တာဝန်ရှိသူ ၁၅ ဦးကို စေလွှတ်ခဲ့သည်။

အက်ဖ်-၁၅ လေယာဉ်၏ ဆီသိုလှောင်ကန်သည် ဖိအားသက်ရောက်မှုတစ်ရပ်ကြောင့် ပေါက်ကွဲပြုတ်ကျခဲ့ခြင်းဖြစ်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက သုံးသပ်သည်။ ***အင်တာနက်။***



ဂျပန်လေတပ် အက်ဖ်-၁၅ တိုက်လေယာဉ် ပျံသန်းစဉ်အတွင်း ပြုတ်ကျခဲ့သော အရန်လောင်စာ သိုလှောင်ကန်၏ အစိတ်အပိုင်းအား တာဝန်ရှိသူများ စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ပါကစ္စတန် တုပ်ကွေးရောဂါ လူခုနစ်ဦးသေဆုံး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၉**

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် တုပ်ကွေးရောဂါများ ပျံ့နှံ့လျက်ရှိရာ လူပေါင်းထောင်ချီ၍ ရောဂါကူးစက်သည့်အနက် ခုနစ်ဦး သေဆုံးကြောင်း အောက်တိုဘာ ၉ ရက် သတင်းတွင် ဖော်ပြသည်။

ပြည်နယ်မြို့တော် လာဟိုးရှိဆေးရုံများတွင် အောက်တိုဘာ ၈ ရက်က တုပ်ကွေးရောဂါကြောင့် အမျိုးသမီး ငါးဦး အပါအဝင် ခုနစ်ဦးသေဆုံးခြင်း ဖြစ်သည်ဟု ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ အရှဏ်ဦးအမည်ရှိ သတင်းစာတွင် ဖော်ပြသည်။လာဟိုးမြို့တစ်မြို့တည်းမှာပင် စုစုပေါင်း တုပ်ကွေးရောဂါသည် ၁၃၄၅၇ ဦးရှိသည်။ ပန်ဂျပ်ပြည်နယ်တွင် လူနာပေါင်း ၁၈၆၂ဦးကို ဆေးကုသမှုပေးလျက်ရှိသည်။ တုပ်ကွေးရောဂါသည် အေဒီးစ် အမျိုးအစားခြင်အကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်တတ်သော ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်သည်။ **ဆင်ဟွာ။**

# အာဖဂန်တွင် တိုက်ပွဲများကြောင့် စစ်သွေးကြွ ၁၀ ဦးသေဆုံး

**ကဘူး အောက်တိုဘာ ၉**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး အနောက်တောင်ဘက်မှ ကီလိုမီတာ ၇၉၀ ကွာဝေးသော နင်းရော့ဇ်ပြည်နယ်တွင် အောက်တိုဘာ ၈ ရက်က တိုက်ပွဲများဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင် တစ်ဦးနှင့် စစ်သွေးကြွ ၁၀ ဦး သေဆုံးကြောင်း ပြည်နယ်ဆိုင်ရာ ရဲအရာရှိက အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

အောက်တိုဘာ ၈ရက် နံနက်ပိုင်းတွင် ချာဟာဘာ ဂျက်ခရိုင်တွင် အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့၏ ယာဉ်တန်းကို လက်နက်ကိုင် စစ်သွေးကြွတစ်စုက ချုံခိုတိုက်ခိုက်ခြင်း ဖြစ်ကြောင်း နင်းရော့ဇ် ပြည်နယ်ရဲတပ်ဖွဲ့မှ ပြောကြားသည်။

အပြန်အလှန် ပစ်ခတ်မှုဖြစ်စဉ်အတွင်း ရဲအရာရှိတစ်ဦး သေဆုံး၍ နှစ်ဦးဒဏ်ရာရရှိသည်ဟု ဆိုသည်။

စစ်သွေးကြွများဘက်မှ ၁၀ဦးသေဆုံး၍ အာဖဂန် ရဲတပ်ဖွဲ့ က ၎င်းတို့ထံမှ လက်နက်အနည်းငယ်နှင့် မော်တော်ဆိုင်ကယ် အချို့ကို သိမ်းယူရရှိခဲ့သည်။ ***အင်တာနက်။***

# အာဖဂန်နစ္စတန်မှ ဗြိတိသျှတပ်ဖွဲ့များဆုတ်ခွာရန် ဗြိတိန်နိုင်ငံသားများတောင်းဆို

**လန်ဒန် အောက်တိုဘာ ၉**

စစ်ဆန့်ကျင်ရေးဝါဒီများ၊ ရွေးချယ်ခံ ပါလီမန်အမတ်များ ပါဝင်သည့် ထောင်ပေါင်းများစွာသော ဗြိတိသျှနိုင်ငံသားများသည် အာဖဂန်နစ္စတန်နိုင်ငံမှ ဗြိတိသျှတပ်ဖွဲ့များ ပြန်လည်ထွက်ခွာရန် တောင်းဆိုခဲ့ကြကြောင်း အောက်တိုဘာ ၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်စစ်ပွဲ ၁၀ နှစ်မြောက် အထိမ်းအမှတ်အဖြစ် စစ်ပွဲရပ်စဲရေးအဖွဲ့က ဦးဆောင်စုစည်းခဲ့သည့် အဆိုပါ လူထုကြီးကို ထင်ရှားသော ပုဂ္ဂိုလ်များက မိန့်ခွန်းပြောကြားခဲ့ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ စစ်ပွဲဆင်နွှဲလာခဲ့သည်မှာ ၁၀ နှစ်ကြာပြီးသည့်နောက် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) တပ်ဖွဲ့ဝင် ၁၀၀၀၀၀ ကျော်သည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ ရှိနေဆဲဖြစ်ပြီး အာဖဂန်ပြည်သူထောင်ပေါင်းများစွာလည်း စစ်ပွဲကြောင့် သေဆုံးခဲ့ရသည်။ ထိုစစ်ပွဲသည် ဗြိတိန်နိုင်ငံ တည်ငြိမ်ရေးကို အထောက်အကူပြုကြောင်း အစိုးရက ပြောကြားမှုသည် မှားယွင်းကြောင်း စစ်ပွဲရပ်စဲရေးအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

စစ်တမ်းကောက်ယူချက်များအရ ဗြိတိန်နိုင်ငံသားအများစုက ဗြိတိသျှတပ်ဖွဲ့များ အာဖဂန်စစ်မြေပြင်မှ အလျင်အမြန်ဆုတ်ခွာစေလိုကြောင်း၊ ယင်းဆန္ဒကိုလည်း အများက ထောက်ခံကြကြောင်း၊ ပြည်သူ့ဆန္ဒနှင့်အညီ တပ်ဖွဲ့များ အိမ်ပြန်ရက်ကို နိုင်ငံရေးသမားများက ကြေညာရမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။

လွန်ခဲ့သည့် ၁၀ နှစ်က ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သော အာဖဂန်နစ္စတန်ကို အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များက ၂၀၀၁ ခုနှစ် စက်တင်ဘာ ၉ ရက် အကြမ်းဖက်တိုက်ခိုက်မှုအားအကြောင်းပြု၍ စစ်ပွဲဆင်နွှဲခဲ့ကြသည်။ **အင်တာနက်။**



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖီဂျီကျွန်းသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကျရောက်သော ဖီဂျီကျွန်းသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖီဂျီကျွန်းသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Ratu Inoke Kubuabola ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)




# စီမံကိန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများသို့ စီမံကိန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာကိစ္စများ ရှင်းလင်းတင်ပြခြင်းနှင့် တိုင်းဒေသကြီး၏ ငါးနှစ်စီမံကိန်း ပြန်လည်ဖြည့်စွက်ရေးဆွဲခြင်း အခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က ဌာနဆိုင်ရာများသို့ တိုင်းဒေသကြီး၏ ငါးနှစ်စီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့် အချက်အလက်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းဒေသကြီး၏ ငါးနှစ်စီမံကိန်းရေးဆွဲရာတွင် အခြေခံသင့်သော အချက်များ၊ ပြန်လည်ဖြည့်စွက်ရမည့်အချက်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများ၏ မေးမြန်းချက်များကို ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငါးနှစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ရည်မှန်းချက်အတိုင်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ပြန်လည်ဖြည့်စွက်ရမည့် စီမံကိန်းများအား စနစ်တကျ ရေးဆွဲရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မှတ်သုံလေ အားနည်းနေမည်

**နေပြည်တော် အောက်တိုဘာ ၉**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကျောက်တော်မြို့တွင် ၂ ဒသမ ၄၀ လက်မ၊ မြောက်ဦးမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ စစ်ကိုင်းမြို့တွင် ၁ ဒသမ ၈၀ လက်မ၊ သံတွဲမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ တောင်ကုတ်မြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ကျိုက္ကမ်ရောမြို့တွင် ၁ ဒသမ ၆၅ လက်မနှင့် တံတားဦးမြို့တွင် ၁ ဒသမ ၅၇ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မှတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မှတ်သုံလေအားနည်းနေမည်။

# မြန်မာ့ဘောလုံးအားကစား အရည်အသွေး၊ အဆင့်အတန်း တိုးတက်မြင့်မားရေး အကြိုတွေ့ဆုံညှိနှိုင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာ့ဘောလုံးအားကစား အရည်အသွေး၊ အဆင့်အတန်း တိုးတက်မြင့်မားလာစေရေး အလုပ်ရုံဆွေးနွေးပွဲအတွက် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် စာတမ်းရှင်များ အကြိုတွေ့ဆုံ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကား ပြောကြားရာ၌ မြန်မာနိုင်ငံ၏ အမျိုးသားအားကစားဖြစ်သည့် ဘောလုံးအားကစား အရည်အသွေး၊ အဆင့်အတန်း မြင့်မားတိုးတက်လာစေရေးအတွက် ဘောလုံးအားကစားကို ချစ်မြတ်နိုးသည့်ဝါသနာရှင်များ၊ ကျွမ်းကျင်သူများ၊ မြန်မာ့လက်ရွေးစင်ဟောင်းများ၊ ဆောင်းပါးရှင်များနှင့် အများပြည်သူထံ အကြံပြုချက်နှင့် စာတမ်းများ တောင်းခံခဲ့ပါကြောင်း၊ စာတမ်း ၉၃ စောင်ရရှိပြီး ပထမအဆင့်အနေဖြင့် အကြံပြုစာတမ်းများတွင် ပါရှိသည့် အကြောင်းအရာ၊ အချက်အလက် တူရာတူရာများကို အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဝါရင့်ဆောင်းပါးရှင်များ စုစည်းတည်းဖြတ်ပြီး အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပြည့်ပြည့်စုံစုံ တင်ပြဆွေးနွေးနိုင်ရေးအတွက် ပြင်ဆင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးက စာတမ်းရှင်များအား ဖိတ်ကြားတွေ့ဆုံကာ အလုပ်ရုံဆွေးနွေးပွဲတွင် ကိုယ်တိုင်တက်ရောက်ဖတ်ကြား၊ ဆွေးနွေးတင်ပြလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးနိုင်ရန် မှာကြားသဖြင့် ယခုကဲ့သို့ ခေါ်ယူတွေ့ဆုံခြင်းဖြစ်ကြောင်း၊ စာတမ်းတွင် မပါရှိသော်လည်း ထပ်မံဖြည့်စွက် ဆွေးနွေးတင်ပြလိုသည့် အချက်များရှိပါကလည်း ယခုအစည်းအဝေးတွင် တင်ပြ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် စာတမ်းရှင်များ၏ ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲတွင် ဖတ်ကြားတင်သွင်းနိုင်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အထက (၃) သထုံ အာစရိယပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၉**

အလက (၂)၊ အထက(၃) သထုံတွင် ပညာသင်ကြားပေးခဲ့သော သက်ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား အောက်တိုဘာ ၁၆ ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံတက်ရောက်ကြပါရန်နှင့် ကျောင်းသားဟောင်းများ ဆက်သွယ်လှူဒါန်းလိုပါက ကိုကျော်မင်း(ခ)ကိုမျိုး ဖုန်း-၀၅၇၄၁၁၁၄၊ မလှလှမူ (ခ)မမူ ဖုန်း-၀၉-၈၇၂၃၅၄၂၊ ကိုဝင်းအောင် ဖုန်း-၀၉-၄၉၂၂၈၉၁၉၊ ကိုကျော်ဌေးလှ ဖုန်း-၀၅၇၄၀၁၄၀၊ မနွယ်နွယ်စိုး ဖုန်း- ၀၉-၄၉၈၁၅၀၃၁၊ ကိုသူရအောင် ဖုန်း-၀၉-၄၉၈၁၆၉၆၆ နှင့် ကိုစောလွင် ဖုန်း-၀၅၇၄၀၃၃၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ပြည်တွင်းဈေးကွက်စီးပွား

**နိုင်လင်းကြည်**

*ပြည်တွင်းပဲမျိုးစုံဈေးကွက်များတွင် ဈေးကွက်လိုက်၍ ဈေးနှုန်းများ ကျဆင်းခဲ့သော်လည်း စားသောက်ကုန်ဈေးကွက်များတွင်မူ အရောင်းအဝယ်အရ ဈေးနှုန်းပြောင်းလဲမှုအမျိုးမျိုး ဖြစ်ပေါ်လျက်ရှိသည်။*

***မတ်ပဲ။*** *။ မုံရွာဈေးကွက်မှာ တစ်တန် ငွေကျပ် ၅၈၁၀၀၀ မှ ငွေကျပ် ၅၆၀၀၀၀ သို့ လည်းကောင်း၊ မန္တလေးဈေးကွက်မှာ တစ်တန် ငွေကျပ် ၅၆၁၀၀၀ မှ ငွေကျပ် ၅၄၀၀၀၀ သို့ လည်းကောင်း၊ ပြည်ဈေးကွက်တွင် တစ်တန်ငွေကျပ် ၆၀၀၀၀၀ မှ ငွေကျပ် ၅၆၉၀၀၀ သို့ လည်းကောင်း ဈေးနှုန်းအသီးသီး ကျဆင်းခဲ့သည်။*

***ပဲတီစိမ်း။*** *။ မုံရွာဈေးကွက်တွင် တစ်တန်ဈေးနှုန်း ငွေကျပ် ၅၉၆၀၀၀ မှ ငွေကျပ် ၅၆၄၀၀၀ သို့ လည်းကောင်း၊ မန္တလေးဈေးကွက်တွင် တစ်တန်ဈေးနှုန်း ငွေကျပ် ၆၃၁၃၀၀ ဖြင့် ပေါက်ဈေးအသီးသီး ကျဆင်းခဲ့သော်လည်း ပခုက္ကူနှင့် ဟသ်ာတ ဈေးကွက်များတွင် ဈေးနှုန်းအတက်အကျမရှိပေ။*

***ပဲစင်းငုံ(နီ)။*** *။ သုံးပတ်ဆက်တိုက် ဈေးနှုန်းကျဆင်းခဲ့သော ဈေးကွက်ဖြစ်ပြီး မုံရွာဈေးကွက်တွင် တစ်တန်ဈေးနှုန်း ငွေကျပ် ၄၅၉၀၀၀ မှ ငွေကျပ် ၄၂၅၆၀၀ သို့ လည်းကောင်း၊ မန္တလေးဈေးကွက်တွင် တစ်တန်ဈေးနှုန်း ငွေကျပ် ၄၅၉၀၀၀ မှ ငွေကျပ် ၄၂၈၆၀၀ သို့ လည်းကောင်း၊ ပခုက္ကူဈေးကွက်တွင် တစ်တန်ဈေးနှုန်း ငွေကျပ် ၄၆၂၀၀၀ မှ ငွေကျပ် ၄၃၁၀၀၀ သို့ လည်းကောင်း ဈေးနှုန်းများ ကျဆင်းခဲ့သည်။*

***ငရုတ်သီး။*** *။ ငရုတ်သီးတစ်ပိဿာဈေးနှုန်းများမှာ ရန်ကုန်နှင့် မြစ်ကြီးနားဈေးကွက်များတွင် ငွေကျပ် ၄၀၀၀၊ မန္တလေး၊ တောင်ကြီးနှင့် ပခုက္ကူဈေးကွက်များတွင် ငွေကျပ် ၃၅၀၀ နှင့် မကွေးနှင့် မုံရွာဈေးကွက်များတွင် ငွေကျပ် ၃၀၀၀ နှင့် ကျန်ဈေးကွက်များတွင် ဈေးကွက်ဝယ်လိုအား၊ ရောင်းလိုအားပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုး ဖြစ်ပေါ်ခဲ့သည်။*

***ကြက်သွန်နီ။*** *။ ကြက်သွန်နီတစ်ပိဿာဈေးနှုန်းမှာ ရန်ကုန်နှင့် ပဲခူးဈေးကွက်များတွင် ငွေကျပ် ၉၀၀၊ မန္တလေး၊ မြစ်ကြီးနား၊ တောင်ကြီးနှင့် စစ်တွေဈေးကွက်များတွင် ငွေကျပ် ၁၀၀၀၊ မကွေး၊ မုံရွာ၊ ပခုက္ကူနှင့် ပြည်ဈေးကွက်များတွင် ငွေကျပ် ၈၀၀ တို့ဖြင့် အသီးသီး ပေါက်ဈေးရှိခဲ့သည်။*

# အာဆီယံ-ဂျပန် စီးပွားရေး အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာနိုင်ငံက ပထမဆုံးအကြိမ် လက်ခံကျင်းပမည့် (၃၇)ကြိမ်မြောက် အာဆီယံ-ဂျပန်စီးပွားရေး အစည်းအဝေး (37th ASEAN-Japan Business Meeting-AJBM) ကို ရန်ကုန်မြို့တွင် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဇေကမ္ဘာကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပရာ AJBM ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီလီမိတက်)၊ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးဇေသီဟ၊ မြန်မာနိုင်ငံခရီးသွားဘုတ်အဖွဲ့၊ မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်း (MAJA)၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းနှင့် ဇေကမ္ဘာကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။**(အောက်ပုံ)**

အခမ်းအနားတွင် ရှေးဦးစွာ AJBM ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အာဆီယံ-ဂျပန်စီးပွားရေး အစည်းအဝေးကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် လက်ခံကျင်းပနိုင်ရေးအတွက် ပြီးခဲ့သည့် လေးနှစ်ခန့်ကတည်းက ကြိုးပမ်းခဲ့ကြောင်း၊ ယင်းအစည်းအဝေးကို အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့တွင် တစ်နှစ်လျှင်တစ်ကြိမ် တစ်လှည့်စီကျင်းပကြောင်း၊ အာဆီယံနိုင်ငံများတွင် ကျင်းပခဲ့သမျှတွင် စီးပွားရေးလုပ်ငန်းရှင် အရေအတွက်အများဆုံး လာရောက်ကြမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံမှ အဓိကအကြီးဆုံး စီးပွားရေးလုပ်ငန်းရှင်များ၏ ဥက္ကဋ္ဌကြီးများလည်း တစုတဝေးတည်း လာရောက်ကြမည် ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင် ဂျပန်နိုင်ငံမှ ၆၀ နှင့် အာဆီယံနိုင်ငံများမှ ၆၀ ခန့် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် စီးပွားရေးအတွက် အရေးကြီးပြီး အခွင့်အရေးများကို အရယူသင့်ပါကြောင်း၊ ဟိုတယ်လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်းတို့နှင့် MoU စာချုပ်များ ချုပ်ဆိုနိုင်ရေးကိုလည်း ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အာဆီယံ-ဂျပန်စီးပွားရေး အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ရေးတို့ဖြင့် ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးဇေသီဟက အစည်းအဝေးကျင်းပရန် စီစဉ်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

37th ASEAN-Japan Business Meeting နှင့် စပ်လျဉ်း၍ စာနယ်ဇင်းတွေ့ဆုံရှင်းလင်းပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် မြရိပ်ညိုဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။ (ကြေးမုံ)



# လမ်းနှင့် ပန်းတိုင်

ရတနာစည်ဆရာတော် (လှိုင်လင်)

### လမ်း

လမ်းဟူသည် လျှောက်လှမ်းရမည့်ခရီးကြောင်းဖြစ်၍ လမ်းရှည်၊ လမ်းတို၊ လမ်းကြမ်း၊ လမ်းချော၊ ဖြတ်လမ်း၊ လမ်းခွဲများ တည်ရှိနေသည့် လားရာဖြစ်ပါသည်။

### ပန်းတိုင်

ပန်းတိုင်ဟူသည် လမ်း၏အဆုံးစွန်နေရာဖြစ်၍ ရွာတစ်ရွာ၊ မြေပြင်တစ်ပြင်၊ တောအုပ်တစ်အုပ်စသည် တည်ရှိနေသည့် လားရပ်ဖြစ်ပါသည်။

### လားသတိ

လားရပ်သို့အရောက် လားကြရာ၌ ခက်ခဲမှုနှင့် လွယ်ကူမှု၊ အကျဉ်းအကျပ်နှင့် အကျယ်အပြန့်၊ လျင်မြန်ခြင်းနှင့် နှေးကွေးခြင်း စသော ရှောင်လွှဲမရ နိယာမတစ်ရပ်ရှိနေသည်ကိုတော့ လားသူတိုင်း သတိရှိကြရပါမည်။

### နိုင်ငံတော်ပန်းတိုင်

ယနေ့ ပြည်သူလူထုအားလုံး၏ဆန္ဒ၊ ပြည်ထောင်စုကြီးတစ်ခုလုံးရှိ နယ်စပ်ဒေသများပါမကျန် တိုင်းရင်းသားမျိုးနွယ်စုအားလုံး၏ ဆန္ဒအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် တန်ဖိုးသုံးဖြာတောက်ပစွာသော နိုင်ငံတော်ပန်းတိုင်သို့ အရောက်လျှောက်လှမ်းနေပုံ တွေ့မြင်နေရပါသည်။

### ပန်းတိုင်တန်ဖိုးသုံးဖြာ

၁။ ငြိမ်းချမ်းရေးတန်ဖိုး
၂။ ဖွံ့ဖြိုးရေးတန်ဖိုး
၃။ ဒီမိုကရေစီရေးတန်ဖိုး

### ငြိမ်းချမ်းရေးတန်ဖိုး

နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ် အလိုအပ်ဆုံးသောအရာသည် ငြိမ်းချမ်းရေး ဖြစ်ပါ၏။

**ငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခများ၊ ဝါဒစွဲဝိရောဓိများ၊ ဆန္ဒစွဲဆူပူမှုများ စသည်တို့ ချုပ်ငြိမ်းဖို့လိုအပ်ပါ၏။**

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးတန်ဖိုးအတွက် အဘက်ဘက်မှ ပျော့ပျောင်းညင်သာစွာနှင့် ထင်သာမြင်သာစွာ ဆောင်ရွက်လျက်ရှိနေပုံကို ကြည့်သူတိုင်း မြင်နိုင်ကြပါကုန်၏။ ရပ်တည်ချက်မတူသော နိုင်ငံရေးသမားများ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံလျက် **"မတူတာတွေ ဘေးဖယ်ထား၊ တူတာတွေ အတူကြိုးစားနိုင်ရေး"** ဆွေးနွေးဖော်ဆောင်လျက်ရှိနေပါသည်။ ယင်းဖော်ဆောင်မှု၏ကောင်းကျိုးရလဒ်တို့သည်လည်း ထင်သာ မြင်သာ ပေါ်ထွန်းလာနေပါပြီ။

အမြင်၊ သဘောထားတူသည်များကို နှစ်ဖက်လုံးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံနှင့်လူမျိုးအကျိုး လက်တွဲဖော်ဆောင်နိုင်မည်ဖြစ်ပြီး ယင်းသို့လက်တွဲကြရာမှ နှစ်ဖက်နားလည်မှု၊ ယုံကြည်မှုများ ပိုမိုတိုးပွားရရှိလာမည်ဖြစ်ကာ ထိုမှတစ်ဆင့် အမြင်သဘောထားကွဲနေသည်များကိုပါ ညှိနှိုင်းဖြေရှင်းဆောင်ရွက်လာနိုင်လျက် နှစ်ဖက်လုံး လားရာတူဖြစ်လာမည် ဖြစ်ပါသည်။

ယင်းသို့ နိုင်ငံတွင်းရှိ သဘောထားအမြင်မတူသူများနှင့် စကားပြောဆွေးနွေးနေသကဲ့သို့ပင် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ နေရပ်ပြန်လာကြရန်လည်း ကမ်းလှမ်းဖိတ်ခေါ်လျက် ရှိနေပါသည်။ လာသူတွေ ပြန်လာကြသလို ထိုလာသူများအား နိုင်ငံတော်က လက်ဖျားနှင့်မျှ မတို့မထိ၊ ပကတိ သူ့အတိုင်းတိုင်း၊ သူ့အသိုက်အဝန်းထဲသူသွား၊ သူ့မိသားစုများ၏ရင်ငွေ့ သူထိတွေ့ခံစားရင်း အချင်းချင်း ပြန်ဆုံ ရင်ခုန်အပျော်သစ် စူးနစ်ပျော်ဝင်လျက် ရှိနေကြပါပြီ။

ယင်းအပြင် အခြေခံဥပဒေကို လက်မခံနိုင်ကြသေးသည့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်များ၊ အခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းရေးကို လက်မခံနိုင်ကြသေးသည့် တိုင်းရင်းသားလက်နက်ကိုင်များကိုလည်း နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးကမ်းလှမ်းချက် (၁/၂၀၁၁)ကို ထုတ်ပြန်ပြီး ဆွေးနွေးဆောင်ရွက်လျက်ရှိနေပါသည်။ ယင်းဖော်ဆောင်မှု၏ ကောင်းကျိုးရလဒ်တို့သည်လည်း အချိန်နှင့်အမျှ ပေါ်လွင်ထင်ရှားလာနေလျက်ရှိပါပြီ။

ဖော်ပြပြီးအတိုင်း **နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေး (သို့မဟုတ် ၎င်း၏ကိုယ်ပွားဝေါဟာရများအရ) တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ အမျိုးသားပြန်လည်စည်းလုံးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် မှန်ကန်သည့်စေတနာ၊ မြော်မြင်သည့်အသိ၊ နားလည်စာနာသည့်စိတ်ထား၊ ဖြူစင်သည့်နှလုံးသားဖြင့် အားပြည့်အင်ပြည့် ဆောင်ရွက်လျက်ရှိသကဲ့သို့ မတူသူအားလုံးတို့ကလည်း ကိုယ့်ဇာတိမြေ ကိုယ့်နိုင်ငံကို အမှန်ချစ်မြတ်နိုးကြသူများပီပီ နိုင်ငံအကျိုးအတွက်၊ နိုင်ငံ၏ငြိမ်းချမ်းရေးတန်ဖိုးအတွက် ဆတက်ဆင့်ပွားကြိုးစားဖော်ဆောင်ကြပါလျှင် ဆက်လက်ဖော်ပြမည့် ဒုတိယတန်ဖိုး ပြည့်ဖြိုးတောက်ပလာမည်ဖြစ်ပါ၏။**

### ဖွံ့ဖြိုးရေးတန်ဖိုး

ဖွံ့ဖြိုးရေးဟူသည် မိသားစုတစ်ခုချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးခြင်းနှင့်အတူ နိုင်ငံလုံးခြုံ၍ ဖွံ့ဖြိုးခြင်းဖြစ်ရာ ယင်းဖွံ့ဖြိုးခြင်းကို နိုင်ငံတည်ငြိမ်အေးချမ်းခြင်း (သို့မဟုတ်) ငြိမ်းချမ်းခြင်းဖြင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ပါ၏။ နိုင်ငံ တည်ငြိမ်အေးချမ်းမှုမရှိလျှင် အစဉ်ဖွံ့ဖြိုးမှုမရှိနိုင်ပါ။ အထပ်အလွှာရှိသော အဆောက်အအုံတစ်ခုနှင့် နှိုင်းယှဉ်လျှင် ငြိမ်းချမ်းရေးသည် အောက်ထပ်ဖြစ်၍ ဖွံ့ဖြိုးရေးသည် အထက်ထပ်ဖြစ်ပါမည်။ အောက်ထပ်ဖောင်ဒေးရှင်း ခိုင်လေလေ အထက်ထပ် အဆင့်ဆင့် စိတ်ချရလေလေ ဖြစ်ပါမည်။

ယနေ့ နိုင်ငံတော်အစိုးရသစ်အနေဖြင့် ဖွံ့ဖြိုးရေးတန်ဖိုးကြီးမားလာစေရန် ဆင်းရဲမှုလျှော့ချရေးအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လက်လုပ်လက်စားများ၏ နေ့ပြန်တိုးဆင်းရဲသံသရာမှ လွတ်မြောက်ရေး၊ နိမ့်ပါးလျက်ရှိသော ပင်စင်စားများ မြင့်မားလာရေး၊ စိုက်ပျိုးရေးနှင့် ဆက်စပ်ပတ်သက်သူတိုင်း အရင်းအလျောက် အမြတ်ပိုရေး၊ ကုန်ထုတ်လုပ်မှုမြင့်မားရေး၊ ကုန်သွယ်မှုတိုးတက်မြင့်မားရေး၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုမြင့်မားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအရပ်ရပ်ကို အချိန်နှင့်အမျှ မြှင့်တင်ပေးနေလျက်ရှိပြီး ခေတ်နှင့်မလျော်ညီတော့၍ ပယ်ဖျက်သင့်သော ဥပဒေဟူသမျှ ပယ်ဖျက်ကာ အသစ်ရေးဆွဲသင့်သည့် ဥပဒေများကို အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ဖြည့်စွက်သင့်သည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်း စသော စသော ဖွံ့ဖြိုးရေးတန်ဖိုးများကို မြှင့်တင်ပေးနေလျက်ရှိပေရာ ယင်းဖွံ့ဖြိုးရေးတန်ဖိုးနှင့်အတူ ဆက်လက်ဖော်ပြမည့် တတိယတန်ဖိုးသည်လည်း ပြည့်ဖြိုး မြင့်မားလာမည် ဖြစ်ပါသည်။

### ဒီမိုကရေစီရေးတန်ဖိုး

**"ဒီမိုကရေစီသည် တရားဥပဒေကို ဦးထိပ်ထားခြင်းဖြင့် တည်ထောင်ရသည့်စနစ်ဖြစ်ပြီး တရားဥပဒေဘောင်အတွင်းမှ လူ့အခွင့်အရေးကို ကျင့်သုံးရခြင်းဖြစ်ပါကြောင်း"**ဖြင့် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က အဖွင့်မိန့်ခွန်းတွင် လည်းကောင်း၊ **"ပြည်သူ့အာဏာရယူကျင့်သုံးခွင့်ရရှိထားသူများသည် ဥပဒေမဲ့လုပ်ဆောင်၍ မရသကဲ့သို့ ဥပဒေပြုသူ၊ အုပ်ချုပ်သူ၊ တရားစီရင်သူများ၊ အုပ်ချုပ်ခြင်းခံရသူ၊ တရားစီရင်ခြင်းခံရသူများ ဖြစ်သော မူရင်းအာဏာပိုင်ရှင် ပြည်သူများသည်လည်း ဥပဒေနှင့်အညီ လိုက်ပါဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊ လိုက်နာဆောင်ရွက်ကြရပါကြောင်း"** ဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အပိတ်မိန့်ခွန်းတွင် လည်းကောင်း ၁၅-၉-၂၀၁၁ နေ့မှာ လွှတ်တော်နှစ်ရပ်ပူးပေါင်းကာ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ပထမဆုံးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့(၂၀၁၁) အခမ်းအနားဝယ် ပြောကြားခဲ့ပါသည်။

ထို့ကြောင့် ဒီမိုကရေစီဟူသည် ပြည်သူ့ဆန္ဒကို ကျယ်ကျယ်ပြန့်ပြန့်လွှမ်းခြုံထားသည့် ဥပဒေစိုးမိုးမှုနှင့် ဥပဒေစိုးမိုးမှုအောက်ဝယ် လူ့အခွင့်အရေးကို လေးစားလိုက်နာစောင့်ထိန်းမှု (လူ့အခွင့်အရေးနှင့် လူ့တာဝန်ယူတတ်မှု)တို့ပင် ဖြစ်ပါတော့သည်။

**ယနေ့ မြန်မာ၏ ဒီမိုကရေစီသည် အမြစ်တွယ်စ၊ အားယူစ အချိန်မျှသာရှိသေးသော်လည်း အစိုးရသစ်လက်ထက် နှစ်တစ်ဝက်ကာလအတွင်း၌ပင် အခြေခံဥပဒေနှင့်အညီ လွှတ်တော်များပေါ်ပေါက်လာပြီး ပွင့်လင်းရိုးသားမှုကို အခြေခံ၍ အပြန်အလှန်လေးစားကြရခြင်း၊ မေးခွန်းထုတ်နိုင်ခြင်း၊ မိမိဆန္ဒ၊ မိမိသဘောထားကို ထုတ်ဖော်တင်ပြနိုင်သလို တစ်ပါးသူ၏ ဆန္ဒ၊ သဘောထားကိုလည်း အလေးထား လေးစားရခြင်း၊ အနည်းစု၏ဆန္ဒကို အလေးထားပြီး အများစု၏ ဆုံးဖြတ်ချက်ကို အားလုံးလိုက်နာကြရသဖြင့် အတ္တ၊ ပရမ္မတမှုရှိခြင်း၊ မိမိက ဝေဖန်အကြံပြုနိုင်သလို မိမိအား ဝေဖန်အကြံပြုသည်ကိုလည်း ခံယူခြင်း၊ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခွင့်ရှိခြင်း စသည်ဖြင့် လွှတ်တော်ဒီမိုကရေစီသည် ရှင်သန်လာနေပြီဖြစ်သလို . . .**

**နိုင်ငံလုံးခြုံ၍ ဒီမိုကရေစီရှင်သန်နိုင်ရန် စာပေ စာနယ်ဇင်း စတုတ္ထမဏ္ဍိုင်နှင့်ပတ်သက်၍ စည်းမျဉ်း၊ စည်းကမ်း တာဝန်ဝတ္တရားနှင့်အညီ လွတ်လပ်ခွင့်များ ပိုမိုဖော်ဆောင်ပေးခြင်း၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းပြီး လူ့အခွင့်အရေးကိစ္စရပ်များကို အလေးထားအရေးယူဆောင်ရွက်ပေးခြင်း၊ ကောင်းမွန်သောအစိုးရနှင့် သန့်ရှင်းသောအုပ်ချုပ်မှုဖြစ်လာအောင် ပြုပြင်ပြောင်းလဲဖော်ဆောင်ခြင်း စသော. . . စသော ဒီမိုကရေစီ တန်ဖိုးတိုးမြင့်လာခြင်းများကို တွေ့ရှိနေရပါသည်။**

ယင်းသို့ ဒီမိုကရေစီနံ့သာပင်သစ် တစ်မြစ်ပြီးတစ်မြစ်ဖြာထွက်၊ ခက်လက်ဖြာဝင့် သီးပွင့်ဖြာဝေနေအောင် ပြည်ထောင်စုသားအားလုံးကပါ သုံးဖြာတန်ဖိုး အမြဲတိုး အားကြိုးနေကြရပါမည်။

### နိုင်ငံတော်လမ်း

နိုင်ငံတော်လမ်းဟူသည် အစိုးရနှင့် ပြည်သူ အတူတကွ လျှောက်လှမ်းရမည့် ခရီးကြောင်းဖြစ်၍ လမ်းရှည်၊ လမ်းတို၊ လမ်းကြမ်း၊ လမ်းချော၊ ဖြတ်လမ်း၊ လမ်းခွဲများတည်ရှိနေသည့် လားရာဖြစ်ပါသည်။

### နိုင်ငံတော်ပန်းတိုင်

နိုင်ငံတော်ပန်းတိုင်ဟူသည် လမ်း၏အဆုံးစွန်နေရာဖြစ်၍ ထိုနေရာ၌ တန်ဖိုးသုံးဖြာ တောက်ပစွာသော ပန်းတိုင်ရှိလျက် ယင်းနှင့်အတူ စည်းကမ်းပြည့် ဒီမိုကရေစီနိုင်ငံတော်သစ် ရှိဖြစ်နေသည့် လားရပ်ဖြစ်ပါသည်။

### လားသတိ

နိုင်ငံတော်ပန်းတိုင်ဖြစ်သည့် လားရပ်အရောက် အစိုးရနှင့် ပြည်သူ အတူတကွလားကြရာ၌ ခက်ခဲမှုနှင့် လွယ်ကူမှု၊ အကျဉ်းအကျပ်နှင့် အကျယ်ပြန့်၊ လျင်မြန်ခြင်းနှင့် နှေးကွေးခြင်းစသော ရှောင်လွှဲမရ နိယာမတစ်ရပ်ရှိနေသည်ကိုတော့ လားသူတိုင်း သတိရှိကြရပါမည်။

### အချိန်လေးတော့ပေးပါဦး

**"မိုင်တစ်သောင်းခရီးကို ခြေတစ်လှမ်းဖြင့် စသည်"** ဆိုလျှင် ယနေ့ အစိုးရသစ်၏ ခြေလှမ်းသည် တစ်လှမ်းမက ရှိနေပါပြီ။ တစ်လှမ်းမက အလှမ်းတစ်သောင်းမျှ ရှိနေပါပြီ။ ဤအနေအထားကိုပင် အားမလိုအားမရဖြစ်နေသေးသူအချို့၊ လားရာကို လက်မခံနိုင်သေးသူအချို့တို့ ရှိနေပါသေးလျှင် ထိုသူတို့အား စကားတစ်ပွင့် ဖွင့်ဟချင်ပါ၏။ **"အချိန်လေးတော့ပေးဦး"** ဟုတ်. . . **"အချိန်လေးတော့ပေးပါဦး"**

### အချိန်ပေးကြရဦးမည်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများလိုလားသည့် ဦးအုန်းတင်၏ မေးမြန်းချက်တွင်လည်း ပါဝင်သည့် အမျိုးသားပြန်လည်စည်းလုံးရေး (သို့မဟုတ်) ငြိမ်းချမ်းရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးတို့ကို ပကတိအရှိတရားနှင့် လိုက်လျောသည့်နည်းလမ်း၊ ရိုးရှင်းလွယ်ကူသည့်နည်းလမ်း၊ ဝိရောဓိအနည်းဆုံး ဖြစ်စေနိုင်သည့် နည်းလမ်းများဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ အစိုးရ၏ဆောင်ရွက်ချက်များသည် အတိုင်းအတာတစ်ခု အထိရောက်ရှိနေပြီး အောင်မြင်မှုများလည်း အတိုင်းအတာတစ်ခုအထိ ရရှိနေသည်ကို တွေ့မြင်နိုင်ကြပါကြောင်း။

သို့သော်လည်း ယင်းလုပ်ငန်းစဉ်များကို ဖော်ဆောင်ကြရာတွင် **"အခုရေတွင်းတူး၊ အခုရေကြည်သောက်"** ချင်၍မရနိုင်ဟူသည့် မြန်မာ့ဆိုရိုးစကားအတိုင်း အလားတူ **"ရောမမြို့ကြီးကို တစ်ရက်တည်းဖြင့် တည်ဆောက်၍မရနိုင်"** ဟူသည့် အနောက်ဆိုရိုးစကားအတိုင်း ထိရောက်သည့် အောင်မြင်မှုများ ရယူနိုင်ရန်အတွက်မူ ထိုက်သင့်သည့်အချိန် ပေးကြရမည် ဖြစ်ပါကြောင်း။

(ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့တွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးအုန်းတင်၏ အမေးကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပြောဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၏ ပြန်လည်ဖြေကြားချက်) (၂၃-၉-၂၀၁၁)

### ပန်းတိုင်အန္တိမသို့

ရောက်ချင်ဇောတဖြောဖြော အတောမသတ်ဖတ်ဖတ်မောဟောဟဲ ဟောဟဲ လျှောက်လှမ်းခြင်း အစွန်းတစ်ဖက်၊ စကားများအချိန်ကုန် အရှိန်အဟုန်ရပ်တန့်နေခြင်း အစွန်းတစ်ဖက်၊ အစွန်းနှစ်ဖက် မသက်မလျှောလမ်းကြောမပြတ် လားရပ်အရောက် ဘယ်မဖောက် တောက်လျှောက်လှမ်းနေကြရမည်ဖြစ်ပါသတည်း။ ။

## ပန်းတို့ရွာ

❖ နေခြည်အခင်း၊
အလင်းဖြန့်ကြက်၊ နှုတ်ခွန်းဆက်သို့
နှစ်သက်ဖွယ်ရာ ပန်းတို့ရွာ။
❖ ဖော်ရွေအပြုံး၊
နှလုံးဖြူစင်၊ ပန်းရင်ပြင်နှင့်
အစဉ်အေးချမ်း ပန်းတို့ရွာ။
❖ ကြည့်စမ်းပါလေ၊
ရေခံမြေခံ၊ အခြေမှန်၍
ရှင်သန်ကြီးပြင်း၊ ကောင်းသတင်းနှင့်
ကောင်းခြင်းဝေဆာ ပန်းတို့ရွာ။
❖ ယဉ်လှသကို၊
နှစ်လိုဖွယ်ခင်း၊ အလှဆင်းနှင့်
ရှင်းသန့်ကြည်စင်၊ ပတ်ဝန်းကျင်နှင့်
တူယှဉ်လိုက်ဖက် ပန်းတို့ရွာ။
❖ လေချိုကသွေး၊
ငှက်ကျေးကစုံ၊ တေးရိပ်မြုံနှင့်
လှိုင်းခုန်သံလွင်၊ စမ်းရေလျဉ်နှင့်
ချစ်ခင်ဖွယ်ရာ ပန်းတို့ရွာ။
❖ ရောင်စုံဖြန့်ခင်း၊
အဆင်းသဏ္ဌာန်၊ ငြိမ်းချမ်းဟန်နှင့်
ဝဲပျံခိုနား၊ ပန်းတို့ကြားဝယ်
ပျားနှင့် လိပ်ပြာ၊ ပျော်ရိပ်ဖြာ
သာယာအေးချမ်း ပန်းတို့ရွာ။
❖ ရွာရိပ်မှာခို၊
ရွာကိုချစ်တတ်၊ ရွာစိတ်ဓာတ်နှင့်
ရွာရပ်မှာမွေး၊ ရွာသွေးစီးဝင်
အမြင်မချို့၊ ပန်းတို့ရွာသား
ကြိုးစားသည့်ဂုဏ်၊ ရိုးသားဂုဏ်နှင့်
ပြည့်စုံတူမျှ၊ ဖော်ဆောင်ပြသို့
ရင်မှမေတ္တာစေတနာ
ပျံ့မွှေးလှိုင်ဆဲ ပန်းတို့ရွာ။ ။

သောင်း ကို ကို

# ၂၀၁၁ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော်   အောက်တိုဘာ   ၉**

၂၀၁၁ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် နိုင်ငံတကာပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)တွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စံစံက ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပေးစာရေးပြိုင်ပွဲ အကဲဖြတ်ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ ဒုတိယဝန်ကြီး ဦးတင့်လွင်နှင့် တာဝန်ရှိသူများက အကြိမ်(၄၀) မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယဆု၊ အထူးဆုများနှင့် နှစ်သိမ့်ဆုများရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဆုရရှိသူများကိုယ်စား နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)၌ ဆုရ ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)



ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း အကြိမ်(၄၀)မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)တွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၀-၂၀၁၁ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၅ ၉။ ဝါကျွတ်တေးများ
- ၈:၂၅ ၁၀။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင်(ဒုတိယတန်း) အဆင့်] (အမျိုးသမီး)
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပဒေသာ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ်(စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား အထူးပြုများ)(စီးပွားစီမံ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၀ ၆။ တေးဂီတအစီအစဉ်(မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခြင်း)
- ၅:၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၁၅ ၈။ ဝါကျွတ်တေးများ
- ၅:၂၅ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [ဝါသနာရှင်(ဒုတိယတန်း) အဆင့်] (အမျိုးသား၊ အမျိုးသမီး)
- ၅:၃၅ ၁၀။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယတွဲ)(အပိုင်း-၆)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အရေးဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏အထောက်အကူပြုဆွေးနွေးခန်း**
- ၁၉။ ကမ္ဘာ့ကျော်သရုပ်ဆောင်များ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းသုံးပွင့်ရဲ့ ဒိုင်ယာရီ" (အပိုင်း-၁၇)**
- ၂၁။ **အိန္ဒိယရုပ်ရှင် "အိမ်ထောင်ဟူသည်" (ဇာတ်သိမ်း)**
- ၂၂။ အစီအစဉ်ပြီး၏။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် သရက်ချောင်းနှင့် ထားဝယ်မြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် သရက်ချောင်းမြို့နယ် ပန်းပြင်ကျေးရွာ တောင်သူဦးကျော်စိုး၏ လယ်မြေငါးကန်၌ ကျင်းပသည့် စုပေါင်းဓာတ်မြေဩဇာ ကြဲပက်ပွဲ အခမ်းအနား၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

နေပြည်တော်   အောက်တိုဘာ   ၉

**တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်သည် အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် သရက်ချောင်းမြို့နယ် ပန်းပြင်ကျေးရွာ ကွင်းအမှတ်(၃၅၅) ဦးပိုင်အမှတ် ၄၅/၁ တောင်သူဦးကျော်စိုး၏ ကျော်ဇေယျစပါးမျိုး စိုက်ပျိုးထားသည့် လယ်မြေငါးကန်၌ ကျင်းပသည့် စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်၍ စုပေါင်းဓာတ်မြေဩဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။**

ယင်းနောက် သရက်ချောင်းမြို့နယ် ညောင်ဇင်ဝကျေးရွာ၌ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ထားဝယ်-မြိတ်လမ်း(ထားဝယ်-ပလောက်လမ်းပိုင်း)တွင် ကျောက်/သဲတို့ဖြင့် လမ်းပြုပြင်ဖာထေးခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ထားဝယ်မြို့နယ် ရှင်မုတ္တီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်မှုများ ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၆၄ သိန်း အကုန်အကျခံ၍ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အရှည်ပေ ၂၇၀၀၊ အကျယ် ၁၂ ပေ၊ ဒုခုနစ်ရှိ ထားဝယ်မြို့နယ် အလယ်ကုန်းကျေးရွာနှင့် ကဒင်ဝကျေးရွာ ကျေးရွာချင်းဆက်လမ်း ကျောက်ချော လမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ကူးတို့ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိပြီး ကူးတို့ ကျေးရွာစာကြည့်တိုက် အမြဲရှင်သန်စေရန်အတွက် စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းများ ပိုမိုစုဆောင်းရရှိရေး ဆောင်ရွက်ရန်နှင့် စာပေလာရောက်ဖတ်ရှုသူ တိုးပွားရေးကို အလေးထားဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားကာ ကူးတို့ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးအတွက် လျှပ်စစ်မီးရရှိရေး မီတာတပ်ဆင်ရန် ငွေကျပ် တစ်သိန်းတစ်သောင်းနှင့် ရုံးနံရံများ အချောသပ်ဆောင်ရွက်ရန် ဘိလပ်မြေအိတ် ၅၀ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ထားဝယ်မြို့တွင်းလမ်းဖြစ်သည့် ရွှေတောင်စား လမ်းမ (ကရပ်ပြင်မီးပွိုင့်နှင့်ဆေးရုံလမ်းအပိုင်း)တွင် လမ်းပေါက်ဖာထေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေး ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးနှင့် လမ်းများပေါ်တွင် ရေမဝပ်စေရေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပိန္နဲတောရပ်ကွက်ရှိ မြောင်းပုလဲချောင်းဖျားသို့ ရောက်ရှိပြီး ချောင်းတိမ်ကောမှု မဖြစ်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန်၊ ချောင်းအနီး၌ လူနေအိမ်များမှ ခြံစည်းရိုးများ ချဲ့ထွင်ကာရံမှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အထက(၂) ပုဇွန်တောင် သတ္တမအကြိမ် မြတ်ဆရာပူဇော်မည်

**ရန်ကုန်   အောက်တိုဘာ   ၉**

အထက(၂) ပုဇွန်တောင်တွင် ၁၉၆၆ ခုနှစ်မှ ၁၉၉၂ ခုနှစ်အတွင်း ပညာသင်ကြားပို့ချခဲ့ကြသော အသက် (၆၀) ပြည့်ပြီးသော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနွေ နေ့) မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်း တေဇခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆက်အသွယ် မရသေးသော အဝေးရောက် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဆက်သွယ်ကြရန်နှင့် လှူဒါန်းလိုပါက ဆရာ ဦးလှဖေ ဖုန်း-၆၆၆၄၁၇၊ ဆရာမ ဒေါ်တင်နွဲ့ ဖုန်း-၂၉၆၂၆၈၊ ဆရာမ ဒေါ်ခင်အေးမြ ဖုန်း-၂၉၇၀၆၇၊ ဦးမောင်မောင်ကြီး ဖုန်း-၆၆၇၂၉၉၊ ဦးအောင်ခင် ဖုန်း-၃၈၁၁၇၅၊ ၀၉-၅၀၀၀၇၅၀၊ ဦးကြည်စိန် ဖုန်း-၃၉၇၇၇၄၊ ၀၉-၅၁၄၀၃၉၉၊ ဦးတင်စိုး ဖုန်း-၇၂၀၇၀၃၊ ၇၀၄၈၂၇၊ ဦးထွန်းဇော် ဖုန်း-၅၄၃၄၀၄၊ ဦးအောင်ကျော်မြင့် ဖုန်း-၂၉၁၅၃၅၊ ၂၉၉၀၈၆၊ ဦးအောင်ဝင်း ဖုန်း-၂၄၀၅၀၉၊ ၀၉-၅၀၀၁၄၈၂၊ ဦးထွန်းလွင် ဖုန်း-၀၉-၇၃၀၅၁၆၂၈၊ ဦးဇော်မင်းဦး ဖုန်း-၀၉-၅၀၀၄၃၇၁ နှင့် ဒေါ်တင်မျိုးကျော် ဖုန်း-၂၉၁၂၇၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)



## လမ်း၊ တံတားများ ရေရှည်ကြံ့ခိုင်ကောင်းမွန်ရေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန်   အောက်တိုဘာ   ၉**

နိုင်ငံတော်ပိုင် လမ်း၊ တံတားများ ရေရှည်ကြံ့ခိုင်ကောင်းမွန်ရေး အတွက် ကုန်တင်ယာဉ်ကြီးများ အာဆီယံစံချိန်စံညွှန်းအတိုင်း လိုက်နာ၍ ကုန်များတင်ဆောင်ရေးနှင့် ပြည်ထောင်စုအစိုးရဝန်ကြီးအဖွဲ့က အတည်ပြုသတ်မှတ်လိုက်သည့် လမ်း၊ တံတားအသုံးပြုခ နှုန်းထားသစ်များနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ဈေးရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ကုန်စည်ဒိုင်)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း**(ဝဲပုံ)**က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်၍ အိမ်နီးချင်းနိုင်ငံများ၌ ကျင့်သုံးနေပြီဖြစ်သည့် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စံနှုန်းများတူညီရေးအတွက် အထူးသဖြင့် နိုင်ငံပိုင်လမ်းများ ရေရှည်တည်တံ့နိုင်ရေးအတွက် ကုန်တင်သွားလာမောင်းနှင်နေကြသော ကုန်တင်ယာဉ်ကြီးများ သတ်မှတ်သည့်တန်များ တင်ဆောင်မောင်းနှင်ခြင်းဖြင့် နိုင်ငံတော်ကို ကူညီကြရန် တိုက်တွန်းဆွေးနွေးပြောကြားသည်။

ထို့နောက် လမ်းသုတေသနမှ အင်ဂျင်နီယာမှူးကြီး ဒေါ်လှလှသွယ်က သတ်မှတ် ဝင်ရိုးတပ်ဆင်ထားသည့် ကုန်တင်ယာဉ်ကြီးများအနေဖြင့် သတ်မှတ်ထားသည့်ကုန်တန်များ တင်ဆောင်မောင်းနှင်မှသာ လမ်းများ သက်တမ်းစေ့ခံနိုင်မည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက လမ်းများ ပျက်စီးနိုင်ကြောင်းနှင့် ယာဉ်၏ဝင်ရိုး (Axle) အလေးချိန်နှင့် လမ်းပျက်ယွင်းမှုပမာဏများ ဆက်စပ်နေခြင်းတို့ကို ရှင်းလင်း ဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခွန်ထိန်းကျောက်ထုတ်ဦးစီးဌာနမှ အထွေထွေမန်နေဂျာ ဦးစောအောင်က ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းများ လမ်း၊ တံတားလေလံနှင့် B.O.T လမ်းဂိတ်များမှ ယခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင် ကောက်ခံလျက်ရှိသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးအဖွဲ့က သတ်မှတ်အတည်ပြုထားသည့် လမ်း၊ တံတားကြေးနှုန်းသစ်များကို ရှင်းလင်းသည်။

ယင်းနောက် ယာဉ်ပိုင်ရှင်များ၊ ဂိတ်တာဝန်ခံများနှင့် ကုန်သည်ကြီးများ၏ မေးမြန်းချက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးများ၊ အင်ဂျင်နီယာချုပ်များ၊ အင်ဂျင်နီယာမှူးကြီးများနှင့် အထွေထွေမန်နေဂျာတို့က ပြန်လည်ဖြေကြားကြသည်။ (သတင်းစဉ်)



**မြစ်ကိုမြင်လျှင် တံတားဆင်၊ ပြည်ခွင်သာဖို့ လမ်းခင်းစို့**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စဉ့်ကိုင်မြို့နယ် တောမကျေးရွာ တောမရွာဦးကျောင်းအတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျောက်ဆည်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကျောက်ဆည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းခန်းမ၌ ဆရာ၊ ဆရာမများအားတွေ့ဆုံ၍ လိုအပ်ချက်များကို မေးမြန်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် Sky Net ကုမ္ပဏီမှ ဦးအောင်မင်းသိန်းက Sky Net DTH တစ်စုံ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျောက်ဆည်မြို့ အမှတ်(၉) အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် Sky Net ကုမ္ပဏီမှ ဦးအောင်မင်းသိန်းက Sky Net DTH တစ်စုံ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ကျောက်ဆည်မြို့အတွင်း ရေဝင်ရောက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ဒုတိယသမ္မတသည် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကျောက်ဆည်ခရိုင်အတွင်း ရေဝင်ရောက်ခဲ့သည့် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများမှ ဒေသခံပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒုတိယဝန်ကြီးများက ဆန်အိတ် ၆၅၀၊ ဆီပိဿာ ၁၀၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၁၅၈၄၀၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနက ပုဆိုး၊ မဝတ်လုံချည်၊ ရှော်ဝါဆပ်ပြာ၊ မွှေးဆပ်ပြာ၊ စွပ်ကျယ်၊ ကြွေရေသုတ်ဇလုံများ၊ စတီးဟင်းခပ်ဇွန်းစသည့်ပစ္စည်းများ၊ ပညာရေးဝန်ကြီးဌာနမှ ဗလာစာအုပ်ဒါဇင် ၃၀၀ နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးသေတ္တာ ၁၀ လုံး၊ Sky Net ကုမ္ပဏီမှ Sky Net DTH ရှစ်စုံတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံကြသည်။



ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် စဉ့်ကိုင်မြို့နယ် တောမကျေးရွာ တောမရွာဦးကျောင်းအတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ရေဘေးသင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားပြီး လိုအပ်ချက်များကို မေးမြန်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ငပြောင်ဆည် ရေထိန်းတံခါးနှင့် နောင်ခမ်းတာမှ ရေများဖွင့်ထုတ်ခဲ့ရမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ (သတင်းစဉ်)

## ဘိုကလေးမြို့ ဘိုးဘွားချမ်းမြေ့ရိပ်သာ ဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ ဦးလှသိန်းလမ်းရှိ ဘိုးဘွားချမ်းမြေ့ရိပ်သာဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီတွင် အဆိုပါ ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

ဘိုးဘွားချမ်းမြေ့ရိပ်သာဆောက်လုပ်ရန်အတွက် မြေ ၁၁ ဧကကို ဦးကောင်းမြတ် မိသားစုက လှူဒါန်းခဲ့ပြီး ဓမ္မာရုံတစ်ဆောင်၊ အဘိုးဆောင်၊ အဘွားဆောင်၊ ထမင်းစားဆောင်၊ ဆေးခန်းနှင့် အုပ်ချုပ်ရေးမှူးရုံးခန်းများ ဆောက်လုပ်ထားကာ သီးနှံမျိုးစုံ စိုက်ပျိုးထားရှိသည်။

**ဆောင်ရွက်လျက်ရှိ**

ဘိုးဘွားချမ်းမြေ့ရိပ်သာရှိ အဆောက်အုံများကို ဖခင်ကြီး ဦးအဂ္ဂဝဏ္ဏ(ဦးအဟိ)၊ မိခင် ဒေါ်အေးညိုတို့အား အမှူးထား၍ သားသမီးများဖြစ်ကြသော ဒေါက်တာအောင်ညွန့်၊ ဒေါ်ခင်မြင့်သောင်း၊ ဦးသိန်းအောင်၊ ဦးသောင်းဝင်း ညီအစ်ကိုမောင်နှမ မိသားစုတို့က လှူဒါန်းပြီး ဘိုးဘွားချမ်းမြေ့ရိပ်သာစီမံခန့်ခွဲရေးကော်မတီသို့ အပ်နှံကာ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရိပ်သာတွင် အဘိုး၊ အဘွား ၄၀ လက်ခံနိုင်ပြီး ယခုလက်ရှိ အဘိုး၊ အဘွား ၁၉ ဦးကို လက်ခံ စောင့်ရှောက်ထားရှိသည်။ ဖွင့်ပွဲအခမ်းအနားတွင် ရာသက်ပန်ငွေပဒေသာပင်စိုက်ထူရန်နှင့် ဆေးဝါးအတွက် ထောက်ပံ့လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၃၂၃ သိန်းကို အလှူရှင်များက စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ကျောင်းသား၊ ကျောင်းသူများ ပညာရေးအဆင့်အတန်းမြင့်မားစေရေး စာအုပ်ဈေးရောင်းပွဲတော် ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၉**

ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးအဆင့်အတန်း မြင့်မားစေရန်ရည်ရွယ်၍ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း အလုံနှင့် Myanmar Book Centre တို့ ပူးပေါင်း၍ စက်တင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အဆိုပါကျောင်း၏ အားကစားရုံသစ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

**၁၀ ရာခိုင်နှုန်းဈေးလျှော့**

အဆိုပါပွဲကျင်းပသည့် သုံးရက်တာကာလအတွင်းတွင် စာအုပ်ပေါင်း ၃၀၀၀၀ ကျော်၊ ဘာသာရပ်ပေါင်း ၂၀ ကျော်ပါဝင်ပြီး နိုင်ငံတကာသင်ရိုးညွှန်းတမ်းစာအုပ်များနှင့် သူငယ်တန်းမှ ၁၀ တန်း(တက္ကသိုလ်ဝင်တန်း)အထိ သင်ထောက်ကူစာအုပ်များကို ဆရာ၊ ဆရာမများက ရည်ညွှန်းရွေးချယ်ပေးထားခြင်း ဖြစ်ကြောင်း၊ ယင်းကာလအတွင်း စာအုပ်များအားလုံးကို ၁၀ ရာခိုင်နှုန်းဈေးလျှော့ရောင်းချပေးပြီး ကံစမ်းမဲအစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

(၆၈၀)



## ပေါင်းတည်မြို့နယ် ကျွန်းစိုက်ခင်း ပင်ကျပ်နုတ်

**ပြည် အောက်တိုဘာ ၉**

ပြည်ခရိုင် ပေါင်းတည်မြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဘွက်ကြိုးဝိုင်းကွင်းအမှတ်(၁၀)ရှိ ၃/၁၉၉၉ ကျွန်းအထူးစိုက်ခင်း ဧက ၅၀၀တွင် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းဖြစ်သော ပင်ကျပ်နုတ်ခြင်းလုပ်ငန်း ဧက ၁၀၀ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၉ ရက်က ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးနှင့် ပေါင်းတည်မြို့နယ်ဦးစီးအရာရှိ ဦးပုမ်ဇဂင့်တို့က ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ကျွန်းစိုက်ခင်းများ ပင်ကျပ်နုတ်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းမှ ကြားဖြတ်တောထွက်ဖြစ်သော ကျွန်းတိုင်မျောများကို ရောင်းချခြင်းဖြင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများကို ရရှိခြင်းနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေသည့်အပြင် ကြားဖြတ်တောထွက်မှ ရရှိသော ကျွန်းမျောများကို သုံးစွဲရခြင်းဖြင့် ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုပပျောက်ရေး အထောက်အကူပြုစေမည်ဖြစ်သည်။

(၄၉၇)

## အမရပူရမြို့နယ်၌ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေး

**အမရပူရ အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပွဲတော်အုပ်စု ကြံတန်းရပ်ကွက်ရှိ မဂ္ဂင်ကျောင်းတိုက်၌ အောက်တိုဘာ ၇ ရက် နံနက်က ရဟန်းခံရှင်ပြုပွဲကျင်းပစဉ် အစားအသောက်နှင့် သောက်သုံးရေပြဿနာကြောင့် အစာအဆိပ်သင့်ကာ လူပေါင်း ၂၀၀ ကျော် ဝမ်းလျှောခြင်း၊ အော့အန်ခြင်းများဖြစ်ပြီး အမရပူရပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာကြောင်း သိရသည်။

ယင်းနေ့ ညနေပိုင်းအထိ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ သံဃာတော်တစ်ပါး၊ ကျား ၁၂ ဦး၊ မ ၄၂ ဦးနှင့် ကလေး ၁၅ ဦးတို့ ရောက်ရှိလာကြကာ ဖျားနာဆောင်(၃)နှင့် ကလေးအဆောင်များ၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိကာ အမရပူရပြည်သူ့ဆေးရုံကြီးသို့ လူနာ ၁၀၀ ခန့် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည်။

**မစိုးရိမ်ရ**

အစာအဆိပ်သင့်ခြင်းကြောင့် အော့အန်ခြင်း၊ ဝမ်းလျှောခြင်းများဖြစ်ပြီး အထူးစိုးရိမ်ရသော အခြေအနေတွင် မရှိပေ။ ထိုသို့ အစာအဆိပ်သင့်မှုဖြစ်ပွားလျှင်ဖြစ်ပွားချင်း ယင်းကျောင်း၌ ဖွင့်လှစ်ထားသော အမရသုခ အခမဲ့ဆေးခန်း၊ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း၊ ချမ်းမြေ့သုခလူမှုကူညီရေးအသင်း၊ မြင့်မြတ်သူလူမှုကူညီရေးအသင်းနှင့် လူမှုကူညီရေးအသင်းအဖွဲ့များမှ အခင်းဖြစ်ပွားရာအနီးတွင် ယာယီဆေးခန်း ဖွင့်လှစ်ကာ ကုသမှုများဆောင်ရွက်ပေးကြသည်။ အလားတူ လူမှုကူညီရေးအသင်းများက လူနာများကို ပြုစုပေးခြင်း၊ ဆေးရုံသို့ ပို့ဆောင်ပေးခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ကြပြီး လိုအပ်သောဆေးဝါးများလည်း ဖြည့်ဆည်းပေးကြသည်။ ဆန်ပြုတ်၊ ဓာတ်ဆားထုပ်၊ သောက်ရေသန့်များ လိုအပ်နေမှုများကိုလည်း ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

(၀၀၂)

# သုဝဏ္ဏဘောလုံးကွင်း မြက်ခင်းအဆင့်မြှင့် ပြင်ဆင်

ရန်ကုန် အောက်တိုဘာ ၉

**နိုင်ငံတကာဘောလုံးပွဲများနှင့် ပြည်တွင်းဘောလုံးပွဲများအား လက်ခံကျင်းပလျက်ရှိသော ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်း ဘောလုံးကွင်းမြက်ခင်းအား အဆင့်မြှင့်ပြုပြင်ကာ မြက်ခင်းသစ် ပြန်လည်ခင်းမည့်လုပ်ငန်းခွင်သို့ အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် လာရောက်စစ်ဆေးခဲ့သည်။**(အောက်ပုံ)

သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်း ဘောလုံးကွင်းမြက်ခင်းသည် MNL Grand Royal 2011 ပြိုင်ပွဲများ၊ MFF Max Cement Cup ရှုံး/ထွက်ဖလားပြိုင်ပွဲများကို ဆက်တိုက်ကျင်းပခဲ့ပြီး ပြီးခဲ့သည့် စက်တင်ဘာလအတွင်းတွင်လည်း အာဆီယံ ယူ-၁၉ ပြိုင်ပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ ပြီးခဲ့သည့်လနှင့် ယခုလပိုင်းများတွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ကွင်းမြက်ခင်းပြင်သည် ပျက်စီးမှုအချို့ဖြစ်ပေါ်ခဲ့သဖြင့် ယခုကဲ့သို့ အဆင့်မြှင့် ပြန်လည်ပြုပြင်ခြင်းဖြစ်သည်။ အဆိုပါမြက်ခင်း အဆင့်မြှင့်ပြင်ဆင်မှုလုပ်ငန်းကို နိုင်ငံခြားမြက်ခင်းအဆင့်မြှင့်ခင်းကျင်းမှု ကျွမ်းကျင်သူပညာရှင်များအပြင် ပြည်တွင်းမှ ဆောက်လုပ်ရေးကျွမ်းကျင်သူပညာရှင်များက စက်ယန္တရားကြီးများဖြင့် ယနေ့နံနက်ပိုင်းမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဒီဇင်ဘာလအကုန်တွင် အပြီးသတ်မည်ဖြစ်သည်။

သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်း ဘောလုံးကွင်းကို ၁၉၈၆ ခုနှစ်က ဂျပန်နိုင်ငံအစိုးရက နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး ယခုမှသာ ကွင်းမြက်ခင်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က အဆင့်မြှင့်မွမ်းမံကာ အသစ်ပြန်လည်ခင်းကျင်းခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယင်းကွင်း၏ မီးတိုင်များကိုလည်း ၂၀၁၂ AFC Cup ပြိုင်ပွဲဝင်ခွင့်ရရှိရေးအတွက် AFC ၏သတ်မှတ်ချက်နှင့်အညီ မီးရောင်အား Lax1200 ပြည့်မီအောင် မီးသီးများကို အဆင့်မြှင့်တပ်ဆင်နိုင်ရေးလုပ်ငန်းကိုလည်း ယခုလအတွင်း ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ (ကြေးမုံ)



## တောင်ကျရေကြောင့် ကားလမ်းများရေကျော် ကျေးရွာအချို့ရေဝင်၊ နွားနှစ်ကောင်သေဆုံး

**ရမည်းသင်း အောက်တိုဘာ ၉**

ရမည်းသင်းမြို့နယ်တွင် အောက်တိုဘာ ၁ ရက်မှ ၃ ရက်ထိ ရွာသွန်းခဲ့သောမိုးကြောင့် မြို့အရှေ့ခြမ်းမှ တောင်ကျရေများ ချောင်းလုံးပြည့် လျှံဆင်းလာခဲ့သဖြင့်(စံပြ) သိမ်ကုန်းကျေးရွာ အထကအနောက်ဘက်မှ ဇီးတောဘုန်းတော်ကြီးကျောင်းနားထိ တစ်ဖာလုံခန့် ကားလမ်းပေါ် ရေများ နှစ်ရက်ထိ ကျော်ခဲ့သည်။

ထို့ပြင် ကျီးနီကန်မှလည်း တောင်ကျရေများ ချောင်းလုံးပြည့်ဝင်ရောက်ခဲ့သဖြင့် ရေများအား ထိန်းသိမ်းနိုင်စွမ်းမရှိ၍ ရေတံခါးများမှ ရေများလွှတ်ပေးခဲ့ရသောကြောင့် ဆည်ကြီးရွာတောင်ဘက်ခြမ်းရှိ ချောင်းမှာ ရေပြည့်လျှံပြီး ရွှေမြင်တင်သွားကားလမ်းပေါ် ရေနှစ်ရက်ခန့်ကျော်ခဲ့သည်။ကားလမ်းမြောက်ဘက် ဆည်ကြီးရွာတွင်းသို့ ရေများဝင်ရောက်ခဲ့သလို ရွာတောင်ဘက်ရှိ စပါးခင်းနှင့် ငရုတ်ခင်းများ တစ်ဖာလုံခန့် ရေပြင်ကျယ်ကြီးဖြစ်သွားကာ သီးနှံစိုက်ခင်းများ ရေနစ်မြုပ်လျက်ရှိသည်။ ကျွဲ၊ နွားများကိုလည်း ကုန်းမြင့်ရာသို့ ရွှေ့ပြောင်းထားကြရသည်။ မူလတန်းကျောင်းလည်း ရေနစ်လျက်ရှိသည်။ ပေါသွယ်ရွာ၊ စည်ပင်သာရွာတို့မှာလည်း တောင်ကျရေများ လျှံဆင်းပြီး ချောင်းလုံးပြည့်ရေများ လျှံကာရွာတွင်းသို့ ရေငါးပေကျော်ခန့် ဝင်ရောက်ခဲ့သည်။ စက်တင်ဘာ ၃ ရက် ညနေ ၆ နာရီခန့်က ပေါသွယ်ရွာတောထဲမှ ရွာသို့လှည်းနှစ်စီးဖြင့် ပြန်လာခဲ့ကြသည့် ကိုကျော်ဟိုးနှင့် ကိုကျော်ခင်တို့မှာရွာထဲရောက်ပြီး နေအိမ်ရောက်ခါနီးတွင် ရုတ်တရက် ရေလုံးကြီးများလျှံဝင်လာခဲ့သဖြင့် နွားများလည်း ကြောက်ရွံ့ရုန်းထွက်ပြေးရာ ကိုကျော်ဟိုး လှည်းမှောက်ပြီး နွားရှင်မှာ ခြံပုတ်တစ်ခုပေါ် ကျရောက်ခဲ့သည်။ လှည်းအိမ်နှင့် နွားတစ်ကောင်မှာ ရေနောက်ပါကာ သေဆုံးခဲ့သလို ကိုကျော်ခင်၏ နွားတစ်ကောင်လည်း ရေအားကြောင့် ရေစီးနှင့် မျောပါသေဆုံးသွားကြောင်း သိရသည်။ (၁၁၅)

## တရုတ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ပက်ကိုဗစ်နှင့် ရတ်ဒ်ဝမ်စကာတို့ ဗိုလ်လုမည်

**ပေကျင်း အောက်တိုဘာ ၉**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပလျက်ရှိသည့် WTA China အိုးပင်း တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်တွင် ပက်ကိုဗစ်နှင့် ရတ်ဒ်ဝမ်စကာတို့ နိုင်ပွဲအသီးသီးရရှိပြီး နောက်ဆုံးဗိုလ်လုပွဲကို တက်သွားပြီဖြစ်သည်။

ယမန်နေ့က ကျင်းပခဲ့သည့် ဆီမီးဖိုင်နယ်တွင် ပက်ကိုဗစ်က နီကူလစ်ကူကို ၆-၂၊ ၆-၀ ဖြင့် သက်သောင့်သက်သာ ကစားပြီးအနိုင်ရရှိသွားသကဲ့သို့ ရတ်ဒ်ဝမ်စကာက ပင်နက်တာကို ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။ ထို့ကြောင့် နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ပက်ကိုဗစ်နှင့် ရတ်ဒ်ဝမ်စကာတို့ ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။ အင်တာနက်။

**ဟန်သစ်**



**ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ကျောက်တံတားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြလှိုင် အောက်တိုဘာ ၅ ရက်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မြို့နယ်အတွင်းရှိ ဆရာ၊ ဆရာမများအား လျှပ်စစ်စစ်အန္တရာယ်ကင်းရှင်းစေရေး ပညာပေးဟောပြောဆွေးနွေးစဉ်။**

(သတင်းစဉ်)

# ဝါကျွတ်ချိန်ခါ ပဋ္ဌာန်းဒေသနာ

သီတင်းကျွတ်လသည် အဿဝဏီနက္ခတ်နှင့် စန်းယှဉ်သည်။ သီတင်းကျွတ်ပြီ တူရာသီ၊ အဿဝဏီ၊ ရှိန်ဝါရွှန်းသံပေါက်နှင့်အညီ တူရာသီဖြစ်သည်။ မိုးရာသီလည်းမကုန်ဆောင်းရာသီလည်းမမည်သော သရဒဥတုပင်ဖြစ်သည်။ မိုးမကုန်သေးသော်လည်း နေရောင်ခြည်ဖြာစပြုလာကာ ဆေးမညီသည့် ပန်းချီကားတစ်ချပ်ပမာ တစ်မျိုးတစ်မည် သာယာတော့မည့် ဆောင်းရာသီ၏ အရုဏ်ဦးအချိန်ဖြစ်သည်။

ကန်မင်းငယ်နန္ဒာ၊ လျှံဝင်းငယ်ဖြာသည်၊ ပွင့်ရွှေကြာ မြိုင်မြိုင်နှင့် ဆိုသကဲ့သို့ သီတင်းကျွတ်လကို တန်ဆာဆင်သော အားဖြင့် ကြာငါးမည်ကြိုင်သင်းလျက်၊ ကန်ရေပြင်ဝယ် တင့်တယ်ဝင့်ထည်စွာ ပွင့်လန်းလေသည်။ ကြာသည် သန့်ရှင်းစင်ကြယ်ခြင်း၊ မြင့်မြတ်ခြင်းသဘောကိုဆောင်သည်။ တစ်မျှော်တစ်ခေါ် စိမ်းစိုသည့် မြသားကမ္ဘလာကောက်ပင်တို့ကလည်း သန်စွမ်းလျက်ရှိချေသည်။

သီတင်းကျွတ်လ အရေးအသားကို ၈၇၁ ခုနှစ်စွဲ သံဃရာဇာကျောင်း ကျောက်စာ ၉၂၅ ခုနှစ်စွဲ စုက္ကတေးကျောင်း ကျောက်စာစသည်တို့တွင် သတင်းကျွတ်ဟူ၍ သသက်သက်ဖြင့်သာ ရေးလျက်ရှိ၏။ ၉၅၂ ခုနှစ်တွင် မူလမင်းရဲကျော်စွာ ထိုးခဲ့သော စစ်ကိုင်းပုညရှင်စေတီကျောက်စာကို ၁၁၃၇ ခုနှစ်တွင် ဘိုးတော်မင်းတရားဆင့်ထိုးအပိုဒ်၌ "သက္ကရာဇ် ၁၁၄၂ ခု သတင်းကျွတ်လပြည့်ကျော်"ဟုပါရှိ၏။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တော်တိုင် "သတင်းကျွတ်"ဟူ၍ သသက်သက်ဖြင့် ရေးလျက်ရှိသည်။

ပုဂံစောရဟန်းသိမ်ကျောက်စာတွင် "သတင်းတိုင်း သတင်းကျွတ်" ဟူသော အရေးတို့၌လည်းကောင်း၊ အခြားပုဂံခေတ်ထိုးကျောက်စာတို့တွင် သတင်းနေ့၊ သတင်းသည် သတင်းတည်ကုပ်ဟူသော အရေးတို့၌လည်းကောင်း၊ အင်းဝခေတ်မှကုန်းဘောင်ခေတ် ဘိုးတော်မင်းတရားလက်ထက်တိုင် ရေးထိုးခဲ့သော မူလကျောက်စာတို့တွင်လည်းကောင်း၊ သီတင်းဟု မျက်မှောက်ကာလတွင် ရေးသားသကဲ့သို့ သတွင်လုံးကြီးတင်ဆန်ခတ်လျက်မရေးဘဲ သတင်းဟု သသက်သက်ဖြင့်သာ ရေးသည်ကို မှတ်သားရာ၏။

သီတင်းကျွတ်လခေါ်ဆိုသည်မှာ ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းသုံးလ ရက်ပေါင်း ၉၀၊ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့ သီတင်းဝါလကျွတ်သောကြောင့် သီတင်းကျွတ်လဟု သာသနာကျမ်းအလို ခေါ်ဆိုကြောင်း သိသာသည်ဟု ဝေါဟာရလီနတ္ထဒီပနီဆရာက ဖွင့်ဆိုခဲ့သည်။

တချို့က ဝါတွင်းသုံးလ၊ သီတင်းသီလကျင့်သုံးဆောက်တည်နေထိုင်သည့်ကာလမှ ကျွတ်လွတ်သောကြောင့် "သီတင်းကျွတ်လ"ဟူ၍ ခေါ်၏။ ရဟန်းတော်များ ဝါဆိုဝါကပ်ခြင်းမှ ကျွတ်လွတ်သောလဖြစ်၍ "ဝါကျွတ်လ"ဟူ၍လည်း ခေါ်ကြ၏။

ရှေးအခါက "သန်တူလ"ဟူ၍လည်း ခေါ်ဆိုသေး၏။ "သန်"မှာ ဝဿနမိုးဥတုရာသီဟု အဓိပ္ပာယ်ရ၏။ "တူ"မှာ တူလ(ချိန်ခွင်)ဟူသော ပါဠိပျက်ဖြစ်၏။ ထို့ကြောင့် သန်တူကို "ဝဿန္တဥတု၊ တူရာသီ"ဟု ဖွင့်ဆိုသည်။

သီတင်းကျွတ်လပြည့်နေ့၌ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်ကိုဆင်းသက်တော်မူသည်ကို ရည်စူး၍ "မီးထွန်းပွဲ" "မီးမြင်းမိုရ်ပွဲ" "တာဝတိံသာပွဲ"တို့ ပြုလုပ်လျက် ဆီမီးထွန်းအလှူပြုလာကြသည်။

ပုဂံခေတ်ထိုးကျောက်စာများရှိ ကောင်းမှုစာရင်းတွင် ကထိန်အလှူ၊ ပံသကူအလှူ၊ မီးပုံးအလှူနှင့် ညောင်ရေသွန်းအလှူစသည်တို့ကို တွေ့ရ၏။ သီတင်းကျွတ်မီးပူဇော်ပွဲကို မတွေ့ရပါ။ သို့သော် ထိုခေတ်က ရေးဆွဲခဲ့သော နံရံဆေးရေးပန်းချီဖြစ်သော မြင်းကပါဂူပြောက်ကြီးဘုရားတွင်တွေ့ရသည့် ပန်းချီကားသည် သီတင်းကျွတ်လပြည့်နေ့တွင် မြတ်ဘုရားရှင် တာဝတိံသာနတ်ပြည်မှ သင်္ကာသမြို့သို့ ကြွဆင်းလာပုံကို ပီပြင်စွာ သရုပ်ဖော်ရေးဆွဲထား၏။ ထိုပန်းချီကားချပ်ကို ထောက်ရှုခြင်းဖြင့် ပုဂံခေတ်ကပင် မြတ်ဘုရားရှင်အား ဆီမီးထွန်းပွဲတော်အလှူပြုလုပ်ကြကြောင်း ယူဆနိုင်၏။

သီတင်းကျွတ်လပြည့်နေ့တွင် ဝိနည်းဒေသနာတော်အရ ပဝါရဏာပြုကြရသည်။ ပဝါရဏာဆိုသော ပါဠိမှာ "ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်း"ဟူသော အဓိပ္ပာယ်ရ၏။ ရဟန်းသံဃာတော်များ အချင်းချင်းအပြန်အလှန်ဖိတ်ကြားကာ တိုက်တွန်းတောင်းပန်သောပွဲပင် ဖြစ်၏။

မြတ်ဘုရားရှင်၏ ပဝါရဏာပွဲတော်သည် သူတစ်ပါးတို့၏ ဝေဖန်ရေးကို အနူးအညွတ်ဖိတ်ခေါ်သော ပွဲဖြစ်ပြီး လမ်းစဉ်ကောင်းကြီးတစ်ခုဖြစ်၏။ ထိုလမ်းစဉ်ကောင်းဖြင့် ရဟန်းသံဃာတော်အချင်းချင်း စည်းလုံးညီညွတ်ရေး ပုဂ္ဂိုလ်သန့်စင်ရေးတရားများကို ရယူနိုင်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ထောင့်ငါးရာ ကျော်ခဲ့ပေပြီ။

သီတင်းကျွတ်လျှင် ဘုရားရှင်အား ရဟန်းသံဃာတော်များက ဖူးမြော်ကန်တော့သည့် အစဉ်အလာရှိ၏။ ရဟန်းသံဃာတော်များသည် အရပ်ဒေသတစ်ပါးတွင် ဝါကပ်ဆိုကြရသည့်တိုင် သီတင်းကျွတ်လျှင် ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော ဘုရားရှင်၏ မျက်မှောက်သို့ အရောက်လာကာ ဖူးမြော်ကန်တော့လေ့ရှိ၏။

ထိုအစဉ်အလာကို အစွဲပြုပြီး သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့ရသော ဓလေ့ထုံးစံကောင်းတစ်ခု ရှေးရှေးကပင်ရှိခဲ့သည်။ ထိုဓလေ့ထုံးစံသည် ယနေ့တိုင်တည်တံ့လျက်ရှိ၏။

## ဝိသဇ္ဇက(ပဲခူး)

လောကကြောင်းအနေဖြင့်ကြည့်လျှင် သက်ကြီးရွယ်အိုများထံမှ အဖိုးတန်သော ဆုံးမစကားကို နာကြားရခြင်း၊ ပညာရှိသူတော်ကောင်းများ၏ ချီးမွမ်းခြင်းကို ခံရခြင်း၊ လူချစ်လူခင်ပေါများခြင်း၊ ယဉ်ကျေးသူများဟု အသိအမှတ်ပြုခံရခြင်းစသော အကျိုးတရားများကို ရရှိနိုင်၏။ ဓမ္မကြောင်းအနေဖြင့် ကြည့်လျှင် ပူဇာစပူဇနေယျာနမင်္ဂလာ၊ ဒါနမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာ၊ ကတညုတမင်္ဂလာ၊ သောဝစဿတာမင်္ဂလာ တရားတော်များဖြင့် အညီအညွတ်ဖြစ်၍ အကျိုးထူးများကို ခံစားနိုင်ကြောင်း ဘုရားရှင်ဟောကြားထားသည်ကို တွေ့ရ၏။

သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ခြင်းသည် အပြစ်ကိုကုစားခြင်းအဖြစ်ကို ပပျောက်စေနိုင်သည်။ သံသရာတစ်လျှောက်တွင် သတ္တဝါတို့သည် အတိတ်ဘဝများ၌ ဖြစ်စေ၊ မျက်မှောက်ဘဝ၌ ဖြစ်စေ ကိုယ် နှုတ် နှလုံး သုံးပါးတို့တွင် တစ်ပါးပါးဖြင့် တစ်ဦးပေါ်တစ်ဦး ပြစ်မှားခဲ့မှုများ ရှိနိုင်၏။ ထိုအပြစ်များကို တောင်းပန်ပူဇော်ကန်တော့ခြင်းဖြင့် ပပျောက်စေနိုင်သည်။

သုံးလောကထွတ်ထား မြတ်ဘုရားသည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ ညနေပိုင်းတွင် မယ်တော်ဖြစ်ခဲ့သော မိနတ်သားအား အဘိဓမ္မာတရား ဟောကြားတော်မူခြင်းဖြင့် ကျေးဇူးဆပ်တော်မူခဲ့သည်။

ဘုရားရှင်တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူခဲ့သော အဘိဓမ္မာတရားများသည် (၁)ဓမ္မသင်္ဂဏီကျမ်း၊ (၂)ဝိဘင်းကျမ်း၊ (၃)ဓာတုကထာကျမ်း၊ (၄)ပုဂ္ဂလပညတ်ကျမ်း၊ (၅)ကထာဝတ္ထုကျမ်း၊ (၆)ယမိုက်ကျမ်း၊ (၇)ပဋ္ဌာန်းကျမ်းတို့ဖြစ်သည်။

အဘိဓမ္မာတရားသည် ပိဋကတ်သုံးပုံတွင်ပါဝင်သည်။ ပိဋကတ်သုံးပုံတွင် အဘိဓမ္မာသည် နက်နဲသည်။ ခက်ခဲသည်။ အဘိဓမ္မာကျမ်းတွင် ပဋ္ဌာန်းကျမ်းသည်သာ၍ နက်နဲခက်ခဲသည်။

သတ္တမမြောက်ပဋ္ဌာန်းကျမ်း ဟောတော်မူရာတွင် ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ်တို့ အံ့ဩဖွယ်ကွန့်မြူး၍ ထွက်ပေါ်လာသည်။ သို့ဖြင့် ပဋ္ဌာန်းကျမ်းကြီး၏ ကြီးကျယ်မြင့်မြတ် နက်နဲပုံကို သိမြင်နိုင်ကြပေသည်။ ပဋ္ဌာန်းဟူသောစကားသည် ပဋ္ဌာနပါဠိမှ ဆင်းသက်လာသောစကားဖြစ်သည်။ ပဋ္ဌာနသည် ပ+ဌာနဖြစ်သည်။ ပ-အမျိုးမျိုးအပြားပြားအစားစား၊ ဌာန=အကြောင်းပစ္စည်း။ ပဋ္ဌာနသဒ္ဒါသည် အမျိုးမျိုးအပြားပြား များပြားသောအကြောင်းပစ္စည်းတို့ကို ဟောကြားရာဖြစ်သောကျမ်းကို ပဋ္ဌာန်းဟုခေါ်သည်။ ၎င်းအပြင် ပဋ္ဌာန်းကျမ်းသည် အနက်ဖွင့်ဆိုနည်းများပြားစွာရှိ၍လည်း အနန္တနယပဋ္ဌာန်းကျမ်းဟုလည်း ခေါ်သည်။

ပင်လယ်သမုဒ္ဒရာသည် အောက်ခြေ၌ မြေပြင်နှင့် ပိုင်းခြားပြီးအပေါ်မှာ လဟာပြင်နှင့် အနားကွပ်ထားသကဲ့သို့ တစ်ဖက်မှာစကြဝဠာတောင်တန်းနှင့် ခါးပန်းသတ်ထားပြီး တစ်ဖက်မှာ ဆိပ်ကမ်းနှင့် နှုတ်ခမ်းသတ်ထားခြင်းဖြစ်သည်။ ပဋ္ဌာန်းကျမ်းသည် ထက်အောက်ဝဲ/ယာမှာ ဆုံးခန်းပိုင်းခြားသတ်မှတ်၍မရဘဲ နက်နဲသိမ်မွေ့ ကျယ်ဝန်းလှပေသည်။ ပင်လယ်သမုဒ္ဒရာထက် ပဋ္ဌာန်းကျမ်းမြတ်သည် တိုင်းတာနှိုင်းစာ၍ မရနိုင်အောင် နက်နဲကျယ်ဝန်းပေသည်။

အပြောကျယ်လှသော ရေပြင်ရှိသော မဟာသမုဒ္ဒရာကြီးကို "ဇလသာဂရ" ခေါ်သည်။ မဟာပဋ္ဌာန်းကျမ်းကြီးကို "နယသာဂရ"ခေါ်သည်။ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကြီးကို "ဉာဏသာဂရ"ဟုခေါ်သည်။ အစမထင်သော သံသရာဝဋ်ဒုက္ခကြီးကို "သံသာရသာဂရ"ဟု ခေါ်သည်။ နည်းပေါင်းများစွာ အနက်ရှိခြင်းကြောင့်လည်း နည်းသမုဒ္ဒရာဟုပင် အဋ္ဌကထာဆရာများက ဆိုခဲ့သည်။

ပဋ္ဌာန်းတရားတော်အား ယုံကြည်ကိုးစားသူတို့သည် နေ့စဉ်မပြတ်ရွတ်ဆိုလေ့ရှိကြသည်။ ထိုသို့ ယုံကြည်ကိုးစား ရွတ်ဆိုရာတွင် အနက်အဓိပ္ပာယ်အချို့အား အသင့်အတင့် အာရုံပြုမည်ဆိုပါက ပိုမိုကောင်းမြတ်စေမည်ဖြစ်သည်။

ပဋ္ဌာန်းတရားတော်မြတ်အား ရွတ်ဆိုပွားများဆင်ခြင်ခြင်းအားဖြင့် ဒိဋ္ဌဓမ္မပစ္စုဘဝမှာ လောကီလိုအင်ဆန္ဒများ ပြည့်စုံခြင်း၊ လောကုတ္တရာအရလည်း ကိလေသာကင်းကွာ၍ ရဟန္တာဖြစ်ရခြင်းဟူသော အကျိုးတရားကို ရစေကြောင်း ကျမ်းဂန်များ၌ ဆိုထားသည်။

ကိုယ်ဝန်ဆောင်မိခင်တို့သည် ပဋ္ဌာန်းတရားတော်များကို ရွတ်ပွားပူဇော်ပါက သားသမီးမွေးဖွားရာ လွယ်ကူစေသည်။ ရုပ်ရည်ချောမောလှပသော သားသမီးရတနာများထွန်းကားကြောင်း ယုံကြည်လျက်ရှိနေကြသည်ကို တွေ့ရှိရ၏။

သို့ဖြစ်၍ သီတင်းကျွတ်လမြတ်အခါတွင် မြတ်ဘုရားရှင် ကိုယ်တော်တိုင် ဟောကြားဆင်ခြင်တော်မူအပ်သော အဘိဓမ္မာတရားမြတ်မှ အမျိုးမျိုးအစားစား များပြားသောအကြောင်းပစ္စည်းအနက်တို့ဖြင့် ပြည့်စုံသောနည်း သမုဒ္ဒရာ မဟာပဋ္ဌာန်းမြတ်သည် ဗုဒ္ဓဘာသာဝင်များ သင်ယူပွားများ နာခံမှတ်သား၊ ဆင်ခြင်ကျင့်ကြံအားထုတ်နိုင်ကြပါကုန်ဟု ဂါရဝနိဝါတပူဇာမင်္ဂလာပြုလိုက်ရပါသတည်း။ ။

# အမှုများစီရင်ဆုံးဖြတ်ရာတွင် မြန်ဆန်ခြင်း၊ မှားယွင်းမှုမရှိခြင်း၊ မှန်ကန်ခြင်းအပြင် တရားမျှတ ညီမျှခြင်းရှိရန်လို

# တရားသူကြီးတစ်ဦးအနေဖြင့် တရားမျှတမှုကိုကြည့်၍ ဆုံးဖြတ်ရာတွင် ဥပဒေနှင့်ညီညွတ်သည့် တရားမျှတမှုဖြစ်ရမည်

နေပြည်တော် အောက်တိုဘာ ၉

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးအမှုထမ်းများနှင့် တွေ့ဆုံ၍ တရားစီရင်ရေး၊ တရားရုံးစီမံခန့်ခွဲရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။**

ထို့ပြင် တရားသူကြီးများသည် အမှုများကို စီရင်ဆုံးဖြတ်ရာတွင် မြန်ဆန်ခြင်း၊ မှားယွင်းမှုမရှိခြင်း၊ မှန်ကန်ခြင်းရှိရန် လိုအပ်သည့်အပြင် တရားမျှတ ညီမျှခြင်းရှိရန်လည်း လိုအပ်ကြောင်း၊ ပြစ်မှုဆိုင်ရာ အမှုများတွင် တစ်ဖက်၌ ကရုဏာထား ပြုပြင်ပေးရခြင်း ရှိသကဲ့သို့ တစ်ဖက်တွင်လည်း တစ်ဦး၏အကျိုးနှင့် အများ၏အကျိုးကို နှိုင်းယှဉ်ချိန်ဆ၍ အများ၏အကျိုးလုံခြုံမှုကိုငဲ့ပြီး တစ်ဦးကို ဥပဒေနှင့်အညီ ထိုက်ထိုက်တန်တန် အပြစ်ဒဏ်ပေးရန် လိုကြောင်း၊ တရားမမှုများတွင်လည်း နစ်နာသူ၊ အခွင့်အရေးဆုံးရှုံးသူ အစစ်အမှန်အား ဥပဒေက ပေးအပ်ထားသည့် သက်သာမှုကို အပြည့်အဝရရှိစေရန်အတွက် စီရင်ဆုံးဖြတ်ရန်လိုကြောင်း၊ ထို့ကြောင့် တရားသူကြီးတစ်ဦးအနေဖြင့် မိမိက တရားမျှတမှုကိုကြည့်၍ ဆုံးဖြတ်သည်ဆိုရာတွင် ဥပဒေနှင့်ညီညွတ်သည့် တရားမျှတမှုသာ ဖြစ်စေရမည်ကို အထူးဂရုပြုရန်လိုကြောင်း၊ အဂတိလိုက်စားမှုများနှင့် လာဘ်ပေးလာဘ်ယူမှုများသည် တရားရုံးများအပေါ် ပြည်သူလူထုက အကြည်ညိုပျက်စေနိုင်သည်ဆိုသောအချက်ကိုလည်း အထူးသတိပြု ဆင်ခြင်ကြရန်လိုကြောင်းနှင့် နိုင်ငံတော်ကပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို မှန်မှန်ကန်ကန် ကျင့်သုံးထမ်းဆောင်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့သည်။



ပြည်ထောင်စုတရားသူကြီးချုပ်သည် အောက်တိုဘာ ၇ ရက်တွင် တောင်တွင်းကြီးမြို့နယ် တရားရုံးကိုလည်းကောင်း၊ အောက်တိုဘာ ၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် မကွေးခရိုင်တရားရုံး၊ မကွေးမြို့နယ် တရားရုံး၊ မင်းဘူးခရိုင်တရားရုံးနှင့် မင်းဘူးမြို့နယ်တရားရုံးတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ အောက်တိုဘာ ၈ ရက် ညနေ ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တရားရုံး၌ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်တို့မှ တရားသူကြီးများနှင့် အမှုထမ်းများအား တွေ့ဆုံ၍ တရားစီရင်ရေး၊ စီမံခန့်ခွဲရေး၊ လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တရားရုံးအမှုထမ်းများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

## အား က စား သ တင်း



## ဂျပန်အိုးပင်း တင်းနစ်ပြိုင်ပွဲ အင်ဒီမာရေး အနိုင်ရဗိုလ်စွဲ

**တိုကျို အောက်တိုဘာ ၉**

အောက်တိုဘာ ၃ ရက်မှ ၉ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သည့် ATP Rakuten Japan အိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဗြိတိန်နိုင်ငံသား အင်ဒီမာရေး**(အပေါ်ပုံ)** အနိုင်ရဗိုလ်စွဲသွားသည်။

ရာဖေးလ်နာဒယ်လ်သည် ဆီမီးဖိုင်နယ်တွင် မာဒီဖစ်ရှ်ကို ၇-၅၊ ၆-၁ ဖြင့် အနိုင်ယူ၍ ဗိုလ်လုပွဲတက်လာခဲ့ခြင်းဖြစ်ပြီး အင်ဒီမာရေးက ဒေးဗစ်ဖာရာကို ၆-၂၊ ၆-၃ ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်လာခဲ့ခြင်းဖြစ်သည်။

ယခု နောက်ဆုံးဗိုလ်လုပွဲတွင် အင်ဒီမာရေးသည် ရာဖေးလ်နာဒယ်လ်ကို ၃-၆၊ ၆-၂၊ ၆-၀ ဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ဂရင်းဆလင်းပြိုင်ပွဲများတွင် အောင်မြင်မှုမရရှိခဲ့သည့် အင်ဒီမာရေးသည် ATP Tour ပြိုင်ပွဲများတွင် လက်ရည်ပြန်လည်တက်လာပြီဟု ဆိုရမည်ဖြစ်သည်။

***အင်တာနက်။***

## ကျေးလက်အထိ ရောက်ရှိလာသည့် မိုဘိုင်းဖုန်းယဉ်ကျေးမှု

**သတင်းမှတ်စု-ဖေထွန်းဇော်(ရေစကြို) မှတ်တမ်းဓာတ်ပုံ-ဖေထွန်းလူ**

၁၉၈၈ ခုနှစ်က မြန်မာနိုင်ငံတွင် တယ်လီဖုန်း သောင်းဂဏန်းမျှသာရှိပြီး တစ်နေရာမှတစ်နေရာသို့ ဆက်သွယ်အကြောင်းကြားလိုပါက လူကြုံဖြင့် အမှာစကားပါးရသည် (သို့မဟုတ်)စာဖြင့် ရေးသားဆက်သွယ်ရသည်။ အရေးကြီးရင်ကြီးသလို လူကိုယ်တိုင် သွားလာကြရသည်။ ယခုမူကား ထိုသို့မဟုတ်တော့ပြီ။

မြန်မာ့ဆက်သွယ်ရေးကွန်ရက် ဖြန့်ကြက်မှုသည် နယ်စပ်ဒေသအပါအဝင် တောရောမြို့ပါ ပျံ့နှံ့ရောက်ရှိနေပြီး ကျေးလက်လယ်ကွင်းများအထိ လွှမ်းခြုံလျက်ရှိနေပြီဖြစ်သည်။

၁၉၈၀ ခုနှစ်လောက်ထိ မိမိတို့ ရေစကြိုမြို့နယ်အတွင်း လက်လှည့်တယ်လီဖုန်း တစ်မြို့လုံးမှ နှစ်လုံး သုံးလုံးသာ ရှိခဲ့သည်။

ရေစကြိုမြို့နယ်၏ ဆက်သွယ်ရေးကဏ္ဍ သိသိသာသာဖွံ့ဖြိုးတိုးတက်လာမှုမှာ ၁-၆-၁၉၉၇ ရက်တွင် လိုင်းအင်အား ၅၀၀ အော်တိုတယ်လီဖုန်းများတပ်ဆင်ရာမှ စတင်ခဲ့သည်။ DEKEL စက် အမျိုးအစားဖြစ်ပြီး မိုက္ကရိုဝေ့(စ်)စနစ်ဖြစ်သည်။ ၃၀-၆-၁၉၉၇ ရက်တွင် ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းရုံးအသစ်ကို ဖွင့်လှစ်နိုင်ခဲ့သည်။ ၂-၁၁-၂၀၀၉ တွင် TL.6500 စက်အမျိုးအစားတပ်ဆင်ပြီး လိုင်းအင်အား ၉၆၀ ထိ တိုးတက်သုံးစွဲလာနိုင်ခဲ့ပြန်သည်။ ၂၆-၁၀-၂၀၁၀ ရက်တွင် CDMA ဆက်သွယ်ရေးစခန်းသစ်ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့✤**



## မှတ်သားဖွယ်ရာမိုးရေချိန်များ

(၉-၁၀-၂၀၁၁)

| | | | | |
|---|---|---|---|---|
| ကျောက်တော် | ၂ | ဒသမ | ၄၀ | လက်မ |
| မြောက်ဦး | ၂ | ဒသမ | ၂၈ | လက်မ |
| အမ်း | ၂ | ဒသမ | ၂၄ | လက်မ |
| စစ်ကိုင်း | ၁ | ဒသမ | ၈၀ | လက်မ |
| သံတွဲ | ၁ | ဒသမ | ၇၇ | လက်မ |
| တောင်ကုတ် | ၁ | ဒသမ | ၆၉ | လက်မ |

## ယ နေ့ သ တ င် း အ ညွှ န် း

### ကုမ္ပဏီဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းများ နှေးချင်းပြီး ဆောင်ရွက်ပေးလျက်ရှိ

"အချို့ကုမ္ပဏီများမှာ ဖွင့်လှစ်နေထိုင်မှုမရှိခြင်း၊ ဒါရိုက်တာလိပ်စာများ အတည်မဖြစ်ခြင်း စသည်တို့ကို စိစစ်တွေ့ရှိရသဖြင့် အောက်တိုဘာ ၁၁ ရက်မှစ၍ နေပြည်တော်သို့ တစ်လအတွင်း ဆက်သွယ်"

ပြည်တွင်းသတင်း စာမျက်နှာ - ၃

### ပထမဆုံးအကြိမ် ကျင်းပမည့် အာဆီယံ-ဂျပန် စီးပွားရေး အစည်းအဝေးအတွက် အကြိုညှိနှိုင်း

"ဒေသတွင်း ကျင်းပခဲ့သည့် စီးပွားရေးလုပ်ငန်းရှင် အရေအတွက် အများဆုံးလာရောက်ကြမည်၊ နိုင်ငံအတွက် စီးပွားရေးအတွက် အခွင့်အရေးများ အရယူသင့်"

ပြည်တွင်းသတင်း စာမျက်နှာ - ၅